# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၇၃)


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၂) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး**
ပြည်တွင်းသတင်း | စာ ၃

**မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်တာခရီး မြစ်တစ်စင်းမှ စီးဆင်းဖန်တီးမည့် တောက်ပသော အနာဂတ်သို့**
ဆောင်းပါး | စာ ၆

**နွေအပူဒဏ်ကို အန်တုခြင်းနှင့် ကျန်းမာကြံ့ခိုင်သော လူနေမှုဘဝ**
ဆောင်းပါး | စာ ၁၀

**IEA က ရေနံသုံးစွဲမှုလျှော့ချရန် အချက် ၁၀ ချက်ပါ အစီအမံများကို အဆိုပြု**
နိုင်ငံတကာသတင်း | စာ ၁၄

## ကျောက်စံနှင့်ကန်းနီ လျှပ်စစ်ရေတင်စီမံကိန်းဖြင့် နွေစပါးအတွက် ရေပေးဝေစိုက်ပျိုးနေ

မင်းဘူး မတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ကျောက်စံနှင့်ကန်းနီ လျှပ်စစ်ရေတင်စီမံကိန်းများဖြင့် နွေစပါးဧက ၃၅၀ အတွက် ရေပေးဝေစိုက်ပျိုးနေပြီဖြစ်ကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) တာဝန်ခံအရာရှိ ဦးစိုးညွန့်လင်းထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ဒေသခံတောင်သူများက ဆည်ရေသောက်ဧရိယာများ၊ အစိုးရဆည်တမံများ၊ လျှပ်စစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေစုပ်တင်ခြင်းများ စသောရေရရှိရေး နည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီ၌ ကျောက်စံနှင့်ကန်းနီလျှပ်စစ်ရေတင်စီမံကိန်းနှင့် ဆိုလာခေါတ်အားပေးစနစ်


*စာမျက်နှာ ၃ ကော်လံ ၁* ❖


### နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ အမြင့်ဆုံးအပူချိန်များ (၂၁-၃-၂၀၂၆)

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| မင်းဘူးမြို့ | ၃၉.၈ | ၁၀၃.၆ |
| ချောက်မြို့ | ၃၉.၆ | ၁၀၃.၃ |
| ဇောင်းတူမြို့ | ၃၉.၄ | ၁၀၂.၉ |
| ကော့ကရိတ်မြို့ | ၃၉.၀ | ၁၀၂.၂ |
| သာယာဝတီမြို့ | ၃၈.၉ | ၁၀၂.၀ |
| တောင်ငူမြို့ | ၃၈.၈ | ၁၀၁.၈ |
| ပဲခူးမြို့ | ၃၈.၈ | ၁၀၁.၈ |
| ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၈.၈ | ၁၀၁.၈ |
| အောင်လံမြို့ | ၃၈.၇ | ၁၀၁.၇ |
| ကြို့ပင်ကောက်မြို့ | ၃၈.၅ | ၁၀၁.၃ |
| ဇလွန်မြို့ | ၃၈.၅ | ၁၀၁.၃ |




# ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၂) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး



**နေပြည်တော်  မတ်  ၂၁**

ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးသည် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးသန်းထွန်းဦး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ကြည့်ရှုစစ်ဆေးစဉ် လွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေးနှင့် သွားလာရေး ကိစ္စရပ်များကို ဆွေးနွေးမေးမြန်းပြီး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုသည့် အဆောင်များ၊ ကိုယ်စားလှယ်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လွှတ်တော်ကိုယ်စားလှယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်လင်မြို့၌ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော်  မတ်  ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲအား ယနေ့နံနက်ပိုင်းတွင် အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အဆိုပါဆေးရုံသစ်အား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆေးရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များနှင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အဆိုပါ ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဆေးရုံသစ်ဖွင့်လှစ်ပေးရခြင်း၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံသစ်အား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့၌ ကျောင်းသားများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၂၀ ရက်က ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး အင်ဂျင်နီယာဘာသာရပ်နှင့် သင်တန်းနှစ်များအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေး လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးရန်၊ စာမေးပွဲပြီးချိန်၌ Academic Calendar အတိုင်း လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုမည့် အရည်အသွေးပြည့်မီသော မျိုးဆက်သစ် အင်ဂျင်နီယာကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်မဆောင် အနီးဝန်းကျင် တက္ကသိုလ်ဥပဓိရုပ် တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှုများ၊ စာကြည့်တိုက်တွင် အခန်းအလိုက် စာအုပ်များ ဖြည့်ဆည်းထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုမှုအဆင်ပြေစေရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကာ စာမေးပွဲခန်း အသီးသီးတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများကိုကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်က အမှန်တကယ် အားထားရသော ထူးချွန်သည့် IT လူငယ်ပညာရှင်များကို စံနှုန်းများ ပြည့်မီစွာ ပျိုးထောင်ပေးနိုင်ရေး၊ ပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် AI အပါအဝင် ထွန်းသစ်စ ITနည်းပညာဆန်းသစ်တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်မဆောင်နှင့် တက္ကသိုလ်ဥပဓိရုပ် တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှုများ၊ စာကြည့်တိုက်တွင် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





❖ ရှေ့ဖုံးမှ

ရေတင်ခြင်းများဖြင့် နွေစပါးဧက ၃၅၀ လျာထားစိုက်ပျိုးလျက်ရှိသည်။

မင်းဘူး(စကု) မြို့နယ်မှ ဒေသခံတောင်သူများ လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ သီးနှံစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး စွမ်းအားနှင့်သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးတို့အတွက် လျှပ်စစ်နှင့်ဆိုလာဓာတ်အား စနစ်သုံးစီမံကိန်းတို့မှ နွေစပါးများ စိုက်ပျိုးလျက်ရှိရာ ကန်းနီဆိုလာလျှပ်စစ်နှင့် မြစ်ရေတင်စီမံကိန်းမှ ဧက ၁၅၀ ကို ဖေဖော်ဝါရီ ၁ ရက်ကလည်းကောင်း၊ ကျောက်စံဆိုလာလျှပ်စစ်ရေတင်စီမံကိန်းမှ ဧက ၂၀၀ ကို ဖေဖော်ဝါရီ ၁၅ ရက်ကလည်းကောင်း ရေများပေးဝေ စိုက်ပျိုးနေပြီဖြစ်ကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေး (၁၀၇) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၁**

တောင်သူများအနေဖြင့် လယ်ယာစွန့်ပစ်ပစ္စည်း သီးနှံအကြွင်းအကျန် ဘေးထွက်ပစ္စည်းများကို အသုံးချကာ အရည်အသွေးမီသဘာဝမြေဩဇာများ ကိုယ်တိုင်ထုတ်လုပ်နိုင်စေရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုအတွက် ဂေဟစနစ်ကို ဖွံ့ဖြိုးစေရန်နှင့် ကျေးလက် MSME လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်ချက်ဖြင့် အပတ်စဉ်ကျင်းပပြုလုပ်သည့် (၁၀၇) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ အွန်လိုင်းဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သုတေသီပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြေဆွေးပုံပြုလုပ်ရာတွင် နည်းစနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘိုကာရှိ (Bokashi)နှင့် သဘာဝမြေဆွေး(Compost)တို့၏ သဘောသဘာဝ မတူကွဲပြားခြားနားမှုကို သိရှိစေလိုကြောင်း မြေဆွေးပြုလုပ်ရာတွင် (၁)အညိုရောင်ရှိသော ပစ္စည်းများဖြစ်သည့် (ကောက်ရိုး၊ ဝါရိုး၊ ပဲရိုး၊ ပြောင်းရိုးနှင့်သီးနှံအကြွင်းအကျန်များ)၊ (၂) အစိမ်းရောင်ရှိသည့်ပစ္စည်းများ (ဟင်းသီးဟင်းရွက်နှင့် သီးနှံအကြွင်းအကျန်၊ ဗေဒါနှင့် ဈေးများမှ စွန့်ပစ်ပစ္စည်းများ)၊ (၃) အစိုဓာတ်၊ (၄) အောက်ဆီဂျင်တို့ လိုအပ်ပြီး သင့်တော်သော အချိုးအစားပမာဏနှင့် ရောနှောကာ အကူဇီဝပိုးများဖြင့် ဆွေးစေခြင်းဖြစ်ကြောင်း၊ တစ်ဖန်စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့် စပါးခွံ၊ ဝါရိုး၊ ပြောင်းရိုးနှင့် ပဲပင်အကြွင်းအကျန်များမှ ဇီဝမီးသွေး(Biochar)ထုတ်လုပ်ကာ မြေတွင် ထည့်ပေးသော နည်းပညာသစ်များကို ပိုမိုအသုံးပြုရန်လိုအပ်ကြောင်း၊ သုတေသီများနှင့် နည်းပညာပြန့်ပွားရေးဝန်ထမ်းများက တောင်သူများကိုယ်တိုင်ကိုယ်ကျပါဝင်နိုင်သော မြေဆီလွှာကျန်းမာရေးနှင့် မြေဆီဩဇာထက်သန်ရေးစီမံချက်များကို စနစ်တကျ ချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီမှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် "မြေဆီလွှာ အာဟာရဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ထိန်းသိမ်းရေးစီမံကိန်း" (Soil Fertility Improvement Program) ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်တင်ရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို ပိုမိုကောင်းမွန်စေရန် မြို့နယ်အလိုက်၊ ဒေသအလိုက် တီထွင်ဆန်းသစ်မှုရှိသည့် စိုက်ပျိုးရေးစီမံကိန်း (Township Innovation Program)များ ဖော်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက "စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘေးထွက်ပစ္စည်းများအား အသုံးပြု၍ လေပေးစနစ်နှင့် In-Vessel စနစ်တို့ဖြင့် သဘာဝမြေဆွေးထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးအဏုဇီဝဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာယုယုမင်းက "ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် ဘိုကာရှိ (Bokashi)နှင့် သဘာဝမြေဆွေး(Compost)တို့၏ ကွဲပြားခြားနားမှု၊ လေပေး၍ မြေဆွေးစေသည့် (ASP) နည်းပညာ၏ အရေးပါပုံ၊ ဓာတုမြေဩဇာသုံးစွဲမှုကို လျှော့ချပြီး မြေဆီလွှာ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လယ်ယာစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း(Recycling) နှင့် သဘာဝမြေဩဇာထုတ်လုပ်သည့် နည်းပညာများအကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှု ပြောင်းလဲမှုများအား ဝေဟင်မှ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သစ်တောဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှု ပြောင်းလဲမှုများအား ဝေဟင်မှ ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ချက်နိုင်ငံထုတ် Let L 410 အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြင့် ထွက်ခွာလာကြရာ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ဟဲဟိုးလေဆိပ်၌ ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ညောင်ရွှေမြို့နယ် အင်းလေးကန်တစ်ဝိုက်အား ဝေဟင်မှလှည့်လည်ကြည့်ရှုစစ်ဆေးမည့် အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ်အတွင်းရှိ သစ်တောမြေဖြစ်သော ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း တရားမဝင်ကျူးကျော် ဝင်ရောက်နေမှုများ၊ မြေလွတ်မြေရိုင်းနှင့်လယ်ယာမြေများအား ခွင့်ပြုချက်မရှိဘဲ အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲအသုံးချနေမှုများနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများတွင် ခွင့်ပြုချက်မရှိဘဲ မြေအသုံးချနေမှုများအား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးလေဆိပ်မှ ချက်နိုင်ငံထုတ် သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော် လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ညောင်ရွှေမြို့နယ်အတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောများ ထိန်းသိမ်းခြင်း၊ စနစ်တကျ စီမံအုပ်ချုပ်ခြင်း၊ အင်းလေးကန် ရေဝေရေလဲ ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့အား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကျူးကျော်အခြေချခြင်းများနှင့် တရားမဝင် မြေအသုံးချခြင်းများ မရှိစေရန်၊ မြေအသုံးချနေမှုများ ဥပဒေနှင့်အညီ စနစ်ကျမှန်ကန်စေရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များစုဖွဲ့ပြီး မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် တောမီးနှင့် မီးခိုးမြူငွေ့အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ဝေဟင်မှကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## နေ့စဉ် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# ဆင်သေချောင်းရေကြီးရေလျှံမှုလျော့ပါးရေး သောင်တူးလုပ်ငန်း၊ ရေကာတည်ဆောက်ခြင်းလုပ်ငန်းများနှင့် စစ်တောင်းမြစ် ရေစီးရေလာကောင်းမွန်စေရေး သောင်တူးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဆင်သေချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှုလျော့ပါးစေရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်နေသည့် ဥယျာဉ်တံတားအဝင်ရေလမ်းနှင့် သိုက်ချောင်းတံတားအဝင်ရေလမ်းပိုင်းနေရာများအတွင်း သောင်တူးဖော်ခြင်း၊ အထောက်အကူပြု ရေကာများတည်ဆောက်ခြင်းလုပ်ငန်းများနှင့် စစ်တောင်းမြစ်ရေစီးရေလာကောင်းမွန်စေရေးအတွက် သောင်တူးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်လုပ်ငန်းခွင်တွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ယခုလုပ်ငန်းများ ဆောင်ရွက်နေမှုသည် ဆင်သေချောင်းတစ်လျှောက်နှင့် စစ်တောင်းမြစ်ကမ်းတစ်လျှောက် နေထိုင်ကြသော ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် လုပ်ဆောင်ကြရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းပြီးစီးမှုများနှင့်ပတ်သက်၍ ရွေးချယ်ခန့်အပ်ထားသော အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC) များအနေဖြင့် သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် QC ၏ စိစစ်ချက်များကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ဌာန၏ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များအနေဖြင့်လည်း လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ



ဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးသွားပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေး အလေးထားစိစစ်ကြပ်မတ်သွားရန်လိုကြောင်း မှာကြားသည်။

ယခုကဲ့သို့ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဆင်သေချောင်းတစ်လျှောက်နှင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် နေထိုင်ကြသော ပြည်သူများ၏ စိုက်ပျိုးမြေများ၊ ကျေးရွာများ၊ ရေတိုက်စားမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်၍ ရေစီးရေလာကောင်းမွန်မှန်ကန်ပြီး ကမ်းပြိုကမ်းစားမှုများ လျော့နည်းလာစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ချောင်းမငယ်နှင့် မဒန်းဆည်ရေသောက်စနစ်အတွင်း နွေစပါးနှင့် နွေအခြားသီးနှံ မြောင်းအဖျားပိုင်း ဧရိယာများအထိ စိုက်ပျိုးရေပေးဝေနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်ရှိ သီးနှံစိုက်ကေများ ပိုမိုတိုးတက်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် ချောင်းမငယ်နှင့် မဒန်း ဆည်ရေသောက်စနစ်အတွင်း မြောင်းအဖျားပိုင်းဧရိယာများအထိ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ချောင်းမငယ်ဆည်ရေသောက်စနစ် (ဆင်အုံကန်အောက်ပိုင်း) တူးမြောင်းမကြီး ပေတိုင်- ၅၃၃၅ နေရာနှင့် လက်တံမြောင်း အမှတ်(၁၁)၊ ပေတိုင် ၁၆၀၀၀ မှ စိုက်ပျိုးရေပေးဝေလျက်ရှိသည့် စနစ်ကျလယ်ယာမြေ ဧက ၁၂၁ သို့ ရောက်ရှိရာ တာဝန်ရှိသူများက ချောင်းမငယ် ရေလှောင်တမံမှ လက်ရှိ ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် အသုံးပြုနိုင်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် နွေအခြားသီးနှံစိုက်ပျိုးရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက နွေစပါးနှင့် နွေအခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းသည်အထိ အောင်ရေကို စနစ်တကျ ပေးဝေသွားရန်၊ စိုက်ပျိုးရေပေးဝေရာတွင် အလေအလွင့်အနည်းဆုံးဖြစ်ရန်နှင့်ရေပေးရာသီတစ်လျှောက် မြောင်းများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးကို အမြဲမပြတ် စစ်ဆေးပြုပြင် ထိန်းသိမ်းသွားကြရန် မှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲကြရန်၊ အထွက်နှုန်းကောင်း၍ သက်တမ်းတိုသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးကြရန်၊ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ အလွန်အကျွံသုံးစွဲခြင်းမှာ မြေဆီလွှာပျက်စီးစေနိုင်သဖြင့် သဘာဝမြေသြဇာများကို မျှတစွာသုံးစွဲရန်နှင့် နွေစပါးနှင့် နွေအခြားသီးနှံ လျာထားကေများပြည့်မီ၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ချောင်းမငယ်ဆည်ရေသောက်ဧရိယာအတွင်း နွေစပါးနှင့် နွေအခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေကို မတ် ၁ ရက်မှစတင်၍ ပေးဝေလျက်ရှိပြီး ချောင်းမငယ်ဆည်ရေသောက်အနေဖြင့် နွေစပါး ဧက ၅၀၀၀ နှင့် နွေအခြားသီးနှံ ဧက ၁၀၀၀ စုစုပေါင်း ဧက ၆၀၀၀ ကို စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မဒန်းဆည်ရေသောက်စနစ် လက်ယာမြောင်းတစ်မြောင်း အဖျားပိုင်းအထိ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲကြရန်၊ သတ်မှတ်ထားသည့် ရေပေးဝေမှု အစီအမံများအတိုင်း မြောင်းအဖျားပိုင်းလယ်ကွက်များအထိ စိုက်ပျိုးရေညီတူညီမျှ ရရှိရေးအတွက် တောင်သူများအချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန်၊ နွေစပါးနှင့် နွေအခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးနှင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏ လိုအပ်ချက်များအပေါ် ညှိနှိုင်းစီမံပေးသည်။

အဆိုပါမဒန်းဆည်ရေသောက်စနစ်အတွင်း နွေစပါး ၂၁၁၅ ဧကနှင့် နွေအခြားသီးနှံ ၁၆၁ ဧက စုစုပေါင်းဧက ၂၂၇၆ ဧကအား အချိန်မီစိုက်ပျိုးနိုင်ရန် မဒန်းရေလွှဲဆည်ရေပေး တူးမြောင်းမကြီးမှ ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်မရောမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ ကျင်းပ

**ကျိုက်မရော မတ် ၂၁**

၂၀၂၆ ခုနှစ် မတ် ၂၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟသ်ာခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျိုက်မရောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးသန့်ဇင်က အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို ၂၀၂၆ ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် သစ်တောများနှင့် စီးပွားရေး “ Forests and Economies” ခေါင်းစဉ်ဖြင့် မတ် ၂၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့နှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ ယင်းနောက် သစ်တောဦးစီးဌာနက ဆောင်ရွက်ထားရှိသည့် မြို့နယ်ဆိုင်ရာအချက်အလက်များ တည်ထောင်ပြီး တည်ထောင်လျက်ရှိသည့် ဒီရေစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ထားရှိမှုနှင့် လူထုဖြန့်ပျိုးပင်များ အောင်မြင်မှုအခြေအနေများ၊ ICM အစီအစဉ်အရ စိုက်ပျိုးထားရှိမှုမှတ်တမ်းဓာတ်ပုံများကို နံရံကပ်စာစောင်များဖြင့် ခင်းကျင်းပြသရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မတ် ၂၁**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်တာခရီး မြစ်တစ်စင်းမှ စီးဆင်းဖန်တီးမည့် တောက်ပသော အနာဂတ်သို့

**မြစ်တစ်စင်းသည် ၎င်း၏နယ်နိမိတ်ကို ကန့်သတ်ချက်မထားရှိပါ။ မြစ်တစ်စင်းသည် နိုင်ငံများရေးရာ အခေါ်အဝေါ်များ၊ သတ်မှတ်ချက်များ၊ နယ်စပ်မျဉ်းများကို ကျော်လွှားကာ စီးဆင်းရာဒေသတစ်ခုလုံး၏ လူနေမှုဘဝ၊ ယဉ်ကျေးမှုနှင့် သမိုင်းတို့ကို ချိတ်ဆက်ပေးလာခဲ့သော အသက်ရှင်သန်လျက်ရှိသည့် သဘာဝ အမွေအနှစ်တစ်ရပ် ဖြစ်ပါသည်။**

နှင်းမြတ်သူ(ယဉ်ကျေးမှု)

မဲခေါင်မြစ်သည် အရှေ့တောင်အာရှဒေသ၏ သဘာဝသွေးကြောတစ်စင်းအဖြစ် ရာစုနှစ်များစွာကြာ မြစ်ဝှမ်းဒေသတစ်လျှောက်နှင့် ပတ်ဝန်းကျင်ရှိနေထိုင်သူများ၏ လူနေမှုဘဝ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးတို့ကို ကူးလူးဆက်နွှယ်ပေးလာခဲ့ပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် မဲခေါင်မြစ်ဟုခေါ်တွင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ လန်ချန်းမြစ်ဟုခေါ်တွင်သည့် မဲခေါင်–လန်ချန်း မြစ်သည် မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားပြီး ကမ္ဘာ့ ၁၂ ခုမြောက် အရှည်ဆုံးမြစ်လည်းဖြစ်ပါသည်။ အဆိုပါမြစ်ကို အခြေခံ၍ စတင်တည်ထောင်ခဲ့သော မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Cooperation – MLC) သည် ယနေ့တွင် ဆယ်စုနှစ်တစ်ခုကို ကျော်ဖြတ်လာခဲ့ပြီဖြစ်သည်။




### စတင်တည်ထောင်ပုံ

၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ်၊ ဆန်းယမြို့၌ "Shared River, Shared Future" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ဆန်းယကြေညာစာတမ်း(Sanya Declaration)ကို ထုတ်ပြန်ကြေညာပြီး မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် စတင်ထူထောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ချိတ်ဆက်ပေးထားသည့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာတစ်ရပ်ဖြစ်ပြီး၊ "community with a shared future of peace and prosperity – ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု"ကို အခြေခံအယူအဆအဖြစ် ချမှတ်ထားပါသည်။ ဆယ်စုနှစ်တစ်ခုအတွင်း အဆိုပါအယူအဆသည် စာရွက်စာတမ်းများပေါ်ရှိ ထုတ်ပြန်ချက်များမှတစ်ဆင့် လက်တွေ့အသုံးချနိုင်ပြီး ထိရောက်မှုရှိသော လုပ်ငန်းစဉ်များ (လက်တွေ့လုပ်ငန်းများ)အဖြစ်သို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာခဲ့သည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲသော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များအား လျှော့ချရန်နှင့် ၎င်း၏အဖွဲ့ဝင်ခြောက်နိုင်ငံတို့အကြား သာယာဝပြောရေးကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး စသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အတူတကွမျှဝေထားသော အနာဂတ်အသိုက်အဝန်းကို တည်ဆောက်ရန် မျှော်မှန်းထားကြပါသည်။

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံမူဘောင်ကို အများသဘောတူညီမှု (consensus)၊ တန်းတူရည်တူရှိမှု(equality)၊ အပြန်အလှန်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်မှု (mutual consultation and coordination)၊ မိမိစေတနာ ဆန္ဒအလျောက်ပါဝင်မှု (voluntarism)၊ ပံ့ပိုးကူညီမှုနှင့် မျှဝေခံစားမှု (common contribution and shared benefits)၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာမှု (respect for the United Nations Charter and international laws)တို့ဖြင့် လမ်းညွှန်ထားပါသည်။

ထို့အပြင် အဆိုပါ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံ–တရုတ်ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang ၏ စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံသည် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစပျိုးသည့်နေရာဟုပင် မှတ်ယူနိုင်ပါသည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အဓိကအောင်မြင်မှုများအနက် တစ်ခုမှာ ဒေသခံပြည်သူများ၏ လူနေမှုဘဝကို တိုက်ရိုက်ထိတွေ့စေခဲ့သည့် စီမံကိန်းများပင်ဖြစ်ပါသည်။ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများသည် မဲခေါင်မြစ်ဝှမ်းဒေသရှိ လူထုအခြေပြုဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုခဲ့ပါသည်။

### မြန်မာနိုင်ငံ၏အခန်းကဏ္ဍ

မြန်မာနိုင်ငံအတွက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းတစ်ခုသာမက အတွေ့အကြုံများ မျှဝေရန်၊ အကောင်းဆုံးအလေ့အကျင့်များကို လေ့လာသင်ယူရန် အရေးပါသော အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်လာပါသည်။

ထို့အပြင် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ပြည်သူလူထုအဆင့် ယဉ်ကျေးမှုနှင့် လူငယ်ဖလှယ်ရေးကိုပါ အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ထားရှိပါသည်။ ယင်းသည် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို ရေရှည်တည်တံ့စေမည့် အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်လာခဲ့ပါသည်။

- ❖ **မြန်မာနိုင်ငံအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းတစ်ခုသာမက အတွေ့အကြုံများ မျှဝေရန်၊ အကောင်းဆုံးအလေ့အကျင့်များကို လေ့လာသင်ယူရန် အရေးပါသော အခွင့်အလမ်းတစ်ရပ်လည်းဖြစ်လာ**
- ❖ **ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံ၏အနာဂတ်ကိုထမ်းဆောင်မည့် လူငယ်များအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပေးသည့်အပြင် မဲခေါင်-လန်ချန်းဒေသ၏ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအတွက် အခြေခံခိုင်မာသော ဆက်သွယ်ရေးတံတားတစ်ရပ်အဖြစ် အရေးပါသောအခန်းကဏ္ဍကို ဆောင်ရွက်ပေးလျက်ရှိ**
- ❖ **ဆယ်စုနှစ်တစ်ခု ပြည့်မြောက်လာသည့် ယနေ့ကာလတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် အောင်မြင်မှုများကို ပြန်လည်သုံးသပ်ရန်သာမက နောင်လာမည့်အနာဂတ်ကို ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့ဖော်ဆောင်သွားမည်ဆိုသည့် မျှော်မှန်းချက်ကိုလည်း ရှာဖွေနိုင်မည့် အချိန်အခါကောင်းပင်ဖြစ်**

မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းပူးပေါင်းဆောင်ရွက်မှု၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဆယ်စုနှစ်တစ်ခုအတွင်းရရှိခဲ့သည့် အတွေ့အကြုံများကို ပြန်လည်သုံးသပ်ကာ နောင်လာမည့် ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းကို ပိုမိုတည်ငြိမ်ခိုင်မာစေရန် ကြိုးပမ်းရမည့်အချိန်အခါကောင်းလည်း ဖြစ်ပါသည်။

### ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ

ဆယ်စုနှစ်တစ်ခုအတွင်း မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများသည် စာရင်းကိန်းဂဏန်းများထက် ဒေသခံပြည်သူများ၏ လူနေမှုဘဝကို တိုက်ရိုက်ထိတွေ့စေခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုနှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းခန့်ရရှိခဲ့ပြီး စီမံကိန်းပေါင်း ၁၀၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ကာ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်မှုမှတစ်ဆင့် ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေးအပါအဝင် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုများစွာကို ဖော်ဆောင်နိုင်ခဲ့ပါသည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ထူးခြားချက်တစ်ရပ်မှာ အစိုးရအဆင့် ပူးပေါင်းဆောင်ရွက်မှုကိုသာမက လူထုအဆင့် ချိတ်ဆက်မှုကိုပါ အလေးထားခြင်းဖြစ်သည်။ ပညာရေး၊ သုတေသနနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များမှတစ်ဆင့် မဲခေါင်ဒေသရှိ ပြည်သူများအကြား နားလည်မှုနှင့် ချစ်ကြည်ရေးကို တဖြည်းဖြည်း တည်ဆောက်လာခဲ့ပါသည်။

မဲခေါင်–လန်ချန်းနိုင်ငံများအကြား ဆောင်ရွက်ခဲ့သော ယဉ်ကျေးမှုဖလှယ်ရေးလုပ်ငန်းအစီအစဉ်များသည် မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို အပြန်အလှန်လေးစားနားလည်စေပြီး ဒေသအတွင်း အတူတကွဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဓာတ်အခြေခံကို ခိုင်မာစေခဲ့ပါသည်။

### သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အတွေ့အကြုံနှင့် ရရှိခဲ့သော အကျိုးကျေးဇူးများ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် Workshop on Heritage Sites Management in Mekong – Lancang Countries (2017) စီမံကိန်းကို မြန်မာနိုင်ငံ ပုဂံတွင် ၁၈–၂–၂၀၁၉ ရက်နေ့မှ ၂၂–၂–၂၀၁၉ ရက်နေ့အထိ စီမံကိန်းရန်ပုံငွေ အမေရိကန် ဒေါ်လာ ၆၁၃၀၀ ဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ လည်းကောင်း၊ Lancang–Mekong Cultural Exchange Youth Camp (2017) စီမံကိန်းကို မန္တလေးမြို့တွင် ၂၇–၁–၂၀၁၉ ရက်နေ့မှ ၃၁–၁–၂၀၁၉ ရက်နေ့အထိ စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀၈၆၀၀ ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှလည်းကောင်း၊ Puppet Festival of Lancang–Mekong (2020) စီမံကိန်းကို မန္တလေးမြို့တွင် ၃၀–၃–၂၀၂၂ ရက်နေ့မှ ၃၁–၃–၂၀၂၂ ရက်နေ့အထိ

*စာမျက်နှာ ၇ သို့*

# တောင်ခမ်းဆီမှ အောင်ပွဲအလီလီသို့ ...

☆ ၂၀၂၅၊ တိုက်ပွဲများဘိ
ပစ်အားသုံးကာ၊ တိုက်ခိုက်လာပြီး
ကျကာလောက်ကိုင်၊ လားရှိုးယိုင်လျက်
ခိုင်မာစစ်စခန်း၊ မှောင်ရိပ်သန်း၍
တောင်ခမ်းမြေပါ၊ ရောက်ရှိလာသော်
ကာကွယ်စစ်ပြင်၊ တိုက်စစ်ဆင်ရင်း
ပင်မထိုင်ထား၊ အမြောက်များဖြင့်
ပစ်အားသုံးကာ၊ တိုက်ခိုက်ပါသည်
ဘာမထီများ ရဲဝံ့အား....။

☆ တောင်ခမ်းမှသည်၊ ပြင်ဦးလွင်ဆီသို့
ချီတက်သိမ်းပိုက်၊ ရည်ရွယ်တိုက်၍
မိုက်ချက်ကမ်းကုန်၊ အို...သူပုန်တို့
ပင်လုံလှိုင်လင်၊ ဆနင်းဝှင်မှ
ဝင်ရောက်ဟိုပုံး၊ အတင်းလုံးကာ
ထုံးဘိုအောင်ပန်း၊ ကလောစခန်းထိ
ဖြတ်သန်းဝင်ရန်၊ အကြံညာဏ်ဖြင့်
တိုက်ရန်ပြင်ဆင်၊ ချီစစ်သွင်နှင့်
တီထွင်ဒရုန်း ပစ်အားသုံး....။

☆ စစ်မြေပြင်တွင်၊ မှတ်ကျောက်တင်ဖို့
ပြင်ဆင်ခံစစ်၊ ခွန်အားသစ်နှင့်
စစ်မက်စစ်ထိုး၊ တိုက်စစ်တိုးအောင်
မျိုးစုံစီမံ၊ ရန်သူ့အကြံကို
ဖျက်ရန် ကြိုးစား၊ တပ်ပစ်အားနှင့်
တားဆီးပစ်လုံ၊ အုပ်ဆက်ယုံပြီး
အကုန်ပစ်ခတ်၊ ပစ်အားထပ်လျက်
စစ်ချပ်ခဲယမ်း၊ ပြည့်အဝမ်းဝယ်
လွှမ်းခြုံ၍လာ တောင်ခမ်းမှာ.....။

☆ TNLA ၊ တိုက်ကြလေလည်း
သေကျေဒဏ်ရာ၊ ကျိုးပဲ့ကာနှင့်
ဆုတ်ခွာ၍သာ၊ ထွက်ပြေးပါပြီ
ကျိုးကာတိုက်စစ်၊ ရိုက်ချိုးပစ်၍
စစ်သည်အများ၊ ရဲဝံ့အားက
တားဆီးမရ၊ ပေါက်ကွဲပြရင်း
ငါ့နိုင်ငံသား၊ တပ်မတော်အားတွက်
များစွာစွမ်းရည်၊ စိတ်ဓာတ်တည်လျက်
ဗိုပြင်ခံစစ် ခွန်အားသစ်.......။

☆ ဩော်.....
ရှေ့တန်းမြေမှ၊ အစွမ်းပြကာ
တိုက်ကြစွန့်စား၊ ဇာနည်ဘွားတို့
ပြတ်သားရဲရင့်၊ အားမာန်ဝင့်၍
တင့်တယ်လှပ၊ တိမ်အလှနှင့်
ပန်းရကာ၊ ပန်းဝေဆာပြီ
ခုခါပွင့်လန်း၊ ချယ်ရီပန်းနှင့်
တောင်ခမ်းမြေသည်၊ ရှေ့ဆက်ချီလျက်
သီကျူးတေးသံ၊ မိုးသို့လျှံပြီး
နိုင်ငံအနှံ့ အောင်စိတ်ပျံ့၍
ရပ်တန့်မနေ အောင်စိတ်တွေ။
သက်သေထူပေ တောင်ခမ်းမြေ.....။

**တောင်ခမ်းတိုက်ပွဲမှ သူရဲကောင်းများနှင့်**
**(၈၁)နှစ်မြောက် တပ်မတော်နေ့သို့ ဂုဏ်ပြုရေးဖွဲ့ပါသည်။**

**ရဲမင်းစိုး**

*စာမျက်နှာ ၆ မှ*

ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၉၂၅၀၀ ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှလည်းကောင်း၊ National Landmark Sculpturing & Painting Youth Camp for LMC Fine Arts Students (2021) စီမံကိန်းကို မန္တလေးမြို့တွင် ၂၉-၁-၂၀၂၃ ရက်နေ့ မှ ၃၀-၁-၂၀၂၃ ရက်နေ့အထိ စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၆၆၃၀၀ ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ လည်းကောင်း၊ Mekong – Lancang Traditional Dances Festival (2021) ကို နေပြည်တော်တွင် ၁၉-၁-၂၀၂၃ ရက်နေ့တွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၇၇၄၀၀ဖြင့် အနုပညာဦးစီးဌာနမှ လည်းကောင်း၊ Building Network on Preservation and Conservation of Literary Heritage among Lancang – Mekong Area၊ Especially Rare Materials in Libraries (2022) စီမံကိန်းကို နေပြည်တော်တွင် စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄၉၁၀၀ ဖြင့် ၂၅-၇-၂၀၂၃ ရက်နေ့၌ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ လည်းကောင်း၊ Mekong–Lancang Cultural Activity 2024 in Myanmar (2024) ကို ပုဂံတွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၂၂၁၀၀ ဖြင့် ၂၂-၂-၂၀၂၅ ရက်နေ့မှ ၂၈-၂-၂၀၂၅ ရက်နေ့အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှလည်းကောင်း ရရှိကာ အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် Mekong–Lancang Heritage Preservation: Preserving Cultural Heritage၊ Showcasing Tradition and Promoting Cultural Awareness of Communication (2025) စီမံကိန်းကို ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၃၈၄၀၀ ဖြင့် ရရှိထားပြီး ၂၀၂၆ ခုနှစ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပုဂံ၌ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ၂၀၁၇ ခုနှစ်မှစတင်၍ ယနေ့အထိ မဲခေါင်-လန်ချန်း စီမံကိန်းပေါင်း ရှစ်ခုရရှိခဲ့ပြီး စီမံကိန်း ခုနစ်ခုမှာ အောင်မြင်စွာ အကောင်အထည်ဖော် ပြီးစီးခဲ့ပြီဖြစ်ကာ စီမံကိန်းတစ်ခုမှာ ၂၀၂၆ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအတွက် ထောက်ပံ့သော ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာစုစုပေါင်း ၁၂၁၅၇၀၀ (တစ်သန်း နှစ်သိန်း တစ်သောင်း ငါးထောင်ခုနစ်ရာဒေါ်လာ) ရှိပြီဖြစ်ပါသည်။

အဆိုပါစီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ် နေရာဒေသများ၏ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး စသည့် နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများကို မဲခေါင်-လန်ချန်းနိုင်ငံများအကြား မျှဝေနိုင်ခြင်း၊ အမွေအနှစ်ဆိုင်ရာ အောင်မြင်သော စီမံခန့်ခွဲမှုပုံစံများကို လေ့လာကာ မိမိတို့နိုင်ငံတွင် လက်တွေ့ အသုံးချနိုင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရာတွင်သာမက ဒေသဆိုင်ရာ ငြိမ်းချမ်းရေး၊ ချိတ်ဆက်မှုနှင့် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရေးပါစွာအထောက်အကူပြုနိုင်ခြင်း၊ ကျင်းပပြီးစီးခဲ့သော လူငယ်ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်များသည် မဲခေါင်-လန်ချန်း နိုင်ငံလူငယ်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးကာ နားလည်မှုနှင့် မိတ်ဖက်ဆက်ဆံမှု တိုးမြှင့်လာခဲ့ခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ မတူကွဲပြားသော ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့ထုံးစံများကို တိုက်ရိုက်လေ့လာခွင့် ရှိခဲ့ခြင်းကြောင့် အပြန်အလှန် နားလည်မှုတိုးတက်စေခြင်း၊ ရိုးရာအနုပညာ၊ ဓလေ့ထုံးစံ၊ ဘာသာစကားနှင့် လူမှုယဉ်ကျေးမှုတန်ဖိုးများကို မျှဝေဖလှယ်နိုင်ခြင်း၊ ဒေသအသီးသီး၏ ရိုးရာအက/ ရုပ်သေးပုံစံများကို စုစည်းတင်ဆက်နိုင်ခြင်းဖြင့် ဒေသတွင်း ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ခြင်း၊ လူငယ်မျိုးဆက်များအတွင်း ရိုးရာအနုပညာအပေါ် စိတ်ဝင်စားမှု တိုးတက်စေခြင်း၊ မဲခေါင်- လန်ချန်းနိုင်ငံများ၏ စာကြည့်တိုက်များနှင့် သုတေသနအဖွဲ့အစည်းများ အပြန်အလှန်ချိတ်ဆက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခဲ့ပါသည်။

အဆိုပါ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံ၏အနာဂတ်ကို ထမ်းဆောင်မည့် လူငယ်များအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပေးသည့်အပြင် မဲခေါင်-လန်ချန်းဒေသ၏ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအတွက် အခြေခံခိုင်မာသော ဆက်သွယ်ရေး တံတားတစ်ရပ်အဖြစ် အရေးပါသောအခန်းကဏ္ဍကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ရိုးရာအနုပညာအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်ရာတွင်သာမက မဲခေါင်-လန်ချန်း ဒေသ၏ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမျိုးချင်းနားလည်မှု တိုးတက်ရေးအတွက် အရေးပါသည့် အခမ်းအနားများအဖြစ်လည်းကောင်း၊ စာပေ အမွေအနှစ်များ၏ ရေရှည်ထိန်းသိမ်းကာကွယ်ရေး ကိုသာမက မဲခေါင်-လန်ချန်းဒေသအတွင်း ပညာရေး၊ သုတေသနနှင့်ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးအတွက် အရေးပါသော အခြေခံကွန်ရက်များအဖြစ်လည်းကောင်း တည်ဆောက်ပေးလျက်ရှိပါသည်။

အဆိုပါလှုပ်ရှားမှုများသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရာတွင်သာမက မဲခေါင်-လန်ချန်း ဒေသအတွင်း ချစ်ကြည်ရေး၊ နားလည်မှုနှင့် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ပေးသည့် အရေးပါသော ပူးပေါင်းဆောင်ရွက်မှုများပင်ဖြစ်ပါသည်။

**အချိန်အခါကောင်း**

ဆယ်စုနှစ်တစ်ခု ပြည့်မြောက်လာသည့် ယနေ့ကာလတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် အောင်မြင်မှုများကို ပြန်လည်သုံးသပ်ရန်သာမက နောင်လာမည့်အနာဂတ်ကို ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့ ဖော်ဆောင်သွားမည်ဆိုသည့် မျှော်မှန်းချက်ကိုလည်း ရှာဖွေနိုင်မည့် အချိန်အခါကောင်းပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝအရင်းအမြစ်များအပေါ်တွင် တိုးမြင့်လာသော ဖိအားများကြောင့် မဲခေါင်မြစ်ဝှမ်းဒေသအတွက် “ပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှု”သည် ပိုမိုမြင့်မားလာလျက်ရှိပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပထမ ဆယ်စုနှစ်အတွင်း နိုင်ငံများအကြား ယုံကြည်မှုနှင့် ချစ်ကြည်မှုကို တည်ဆောက်ပေးသည့်အပြင် အပြန်အလှန်အကျိုးပြုသော ပူးပေါင်းဆောင်ရွက်မှုများစွာကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့သော အရေးပါသည့် ဒေသတွင်း မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးတစ်ရပ်အဖြစ် ထင်ရှားလာခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယုံကြည်မှု၊ ချစ်ကြည်မှုနှင့် အပြန်အလှန်အကျိုးပြုမှုတို့ကို အခြေခံထားသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်မြစ်၏ စီးဆင်းမှုသကဲ့သို့ပင် အတားအဆီးများကို ကျော်လွှားကာ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာတိုးတက်စေပြီး ဒေသတစ်ရပ်လုံး၏ အနာဂတ်ကို ပိုမိုတောက်ပစေမည့် အရေးပါသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်အဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်သွားမည်ဟု ယုံကြည်ပါကြောင်းနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဆယ်စုနှစ်တစ်ခုမှသည် ရာစုနှစ်များစွာတိုင် ခိုင်မာရှင်သန်ပါစေကြောင်း ဆန္ဒပြုကာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့်မြောက်သော နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် မတ် ၂၁**

ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာ လှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ၌ ကျောင်းဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အပါအဝင် မြို့နယ်ရှစ်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနာ့ဗိမာန်များ၊ ဘိုးဘွားရိပ်သာများနှင့်လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် မတ် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးတို့အတွက် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ နှစ်စဉ် အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာအုပ်စု၊ လှည်းတိုးကျေးရွာရှိ စိုက်ပျိုးမြေဧက ၂၀ အတွက် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု အခြေအနေကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ရေရရှိရေးလုပ်ငန်း ရေရှည်တည်မြဲကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်နိုင်စေရန်အတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကို ကျေးရွာစိုက်ပျိုးရေး တာဝန်ခံများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၂၉ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တောင်သူ ၁၇၁ ဦးတို့၏ စိုက်ပျိုးမြေ ၄၆၆ ဒသမ ၅ ဧကအတွက် စိုက်ပျိုးရေ ဖူလုံစွာရရှိ၍ ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်ပြီး ဖြစ်သည့်အတွက် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

- နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရပ်စောက်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ထီးခမ်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား အဆိုပါကျေးရွာရှိ ထီးတစ်ပင်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၂၅ ဦးတို့အား အရိုးအကြောရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ ဖျားနာမှု၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗောဓိမဏ္ဍိုင် သီလရှင်စာသင်တိုက်ရှိ သာသနာ့နွယ်ဝင်သီလရှင်များအား အဆိုပါစာသင်တိုက်ရှိ ဓမ္မာရုံ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သာသနာ့နွယ်ဝင်သီလရှင် ၁၁၅ ပါးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သာသနာ့နွယ်ဝင် သီလရှင်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ညောင်ရွှေမြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး မတ် ၂၁**

ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းသည် အင်းတိန်ရေလွှဲဆည် Outfall ပိုင်းကြမ်းခင်းနှင့် မြေထိန်းနံရံပျက်စီးခြင်းအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အင်းတိန်ရေလွှဲဆည် ယာဘက်ရေလျှံထိန်းတာပေါင် ကျိုးပေါက်ပျက်စီးခြင်းအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ အင်းတိန်ရေလွှဲဆည် အထက်ပိုင်း ရေတိုက်စားမှုကြောင့် မြေထိန်းနံရံပျက်စီးခြင်းအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးက လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာ၌ စက်မှုလယ်ယာစနစ်ကျမြေ ၁၃၉ ဧက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် တောင်သူလယ်သမားများ၏ မူလပိုင်ဆိုင်သည့် မြေနေရာအနီးတွင်သာ လယ်ယာမြေများ စနစ်တကျ ပြန်လည်ချထားပေးရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ်အတွင်းရှိ တာယောချောင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား တာယောချောင်းအား ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်ရန်မှာကြားပြီး ညောင်ရွှေမြို့နယ်အတွင်းရှိ သာစည်ကန်နှင့် နဒီကန် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု ရွှေရန်ပြေကျေးရွာရှိ တောင်သူ ဒေါ်လှမြိုင် စိုက်ပျိုးထားသည့် မျိုးစပါး(ရွှေအပ်) ၅ ဒသမ ၅၃ ဧကစိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထက်ဝေ(ပြန်/ဆက်)**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နွေအပူဒဏ်ကို အန်တုခြင်းနှင့် ကျန်းမာကြံ့ခိုင်သောလူနေမှုဘဝ

လွန်းပိုးအိမ်

ကမ္ဘာ့အပူချိန် မြင့်မားလာမှုနှင့်အတူ မြန်မာနိုင်ငံ၏ နွေရာသီသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာပါသည်။ နေရောင်ခြည်၏ တိုက်ရိုက်ကျရောက်မှုနှင့် ပူပြင်းခြောက်သွေ့သော လေထုကြောင့် လူသားတို့၏ ခန္ဓာကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်များကို များစွာအနှောင့်အယှက် ပေးလျက်ရှိသည်။ အထူးသဖြင့် ချွေးထွက်လွန်ခြင်းကြောင့် ခန္ဓာကိုယ်တွင်းရှိ ရေနှင့်သတ္တုဓာတ်များ ဆုံးရှုံးရုံသာမက သွေးကြောများကျယ်လာကာ သွေးပေါင်ကျခြင်း၊ မူးဝေခြင်းနှင့် အသက်အန္တရာယ်ရှိနိုင်သည့် အပူလျှပ်ခြင်း (Heat Stroke) အထိ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် နွေရာသီ၏ ဘေးထွက်ဆိုးကျိုးများကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကျန်းမာစွာဖြတ်သန်းနိုင်ရန်အတွက် အထူး အလေးထားလိုက်နာရန် လိုအပ်ပါသည်။

**❑ လူ့ခန္ဓာကိုယ်၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ရေဓာတ်ဖြစ်ပြီး နွေရာသီတွင် ချွေးအဖြစ် အလွန်အမင်း ဆုံးရှုံးတတ်ပါသည်။ ထို့ကြောင့် ရေငတ်သည်အထိ မစောင့်ဘဲ တစ်နေ့လျှင် အနည်းဆုံးရေသုံးလီတာခန့်ကို ပုံမှန်ခွဲ၍ သောက်သုံးခြင်းဖြင့် ဆုံးရှုံးသွားသောအရည်များကို အချိန်မီဖြည့်တင်းပေးရမည်**

**❑ အပူရှိန်ပြင်းသောအခါ ခန္ဓာကိုယ်က အပူစွန့်ထုတ်ရန် သွေးကြောများကို ချဲ့လိုက်ရသဖြင့် သွေးဖိအားရုတ်တရက် ကျဆင်းသွားတတ်ကြောင်း သိရှိရပါသည်။ ထိုအခြေအနေကြောင့် ဦးနှောက်သို့ သွေးရောက်ရှိမှု လျော့နည်းကာ မူးဝေခြင်း၊ မျက်စိပြာခြင်းနှင့် သတိလစ်ခြင်းများ ဖြစ်ပေါ်နိုင်သည်ကို လေ့လာသိရှိရသဖြင့် ဂရုပြုသင့်**

### ရေဓာတ်ဖြည့်တင်းခြင်း၏ အသက်သွေးကြော

လူ့ခန္ဓာကိုယ်၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ရေဓာတ်ဖြစ်ပြီး နွေရာသီတွင် ချွေးအဖြစ် အလွန်အမင်း ဆုံးရှုံးတတ်ပါသည်။ ထို့ကြောင့် ရေငတ်သည်အထိ မစောင့်ဘဲ တစ်နေ့လျှင် အနည်းဆုံး ရေသုံးလီတာ ခန့်ကို ပုံမှန်ခွဲ၍ သောက်သုံးခြင်းဖြင့် ဆုံးရှုံးသွားသော အရည်များကို အချိန်မီ ဖြည့်တင်းပေးရမည် ဖြစ်ပါသည်။

### သွေးပေါင်ကျခြင်းနှင့် အပူဒဏ်ဆက်နွှယ်မှု

အပူရှိန်ပြင်းသောအခါ ခန္ဓာကိုယ်က အပူစွန့်ထုတ်ရန် သွေးကြောများကို ချဲ့လိုက်ရသဖြင့် သွေးဖိအား ရုတ်တရက်ကျဆင်းသွားတတ်ကြောင်း သိရှိရပါသည်။ ထိုအခြေအနေကြောင့် ဦးနှောက်သို့ သွေးရောက်ရှိမှုလျော့နည်းကာ မူးဝေခြင်း၊ မျက်စိပြာခြင်းနှင့် သတိလစ်ခြင်းများ ဖြစ်ပေါ်နိုင်သည်ကို လေ့လာသိရှိရသဖြင့် ဂရုပြုသင့်ပါသည်။

### ဓာတ်ဆားရည်ကို စနစ်တကျသောက်သုံးခြင်း

ချွေးထွက်သည့်အခါ ရေသာမက ဆိုဒီယမ်နှင့် ပိုတက်စီယမ်ကဲ့သို့သော ဓာတ်ဆားများပါ ဆုံးရှုံးသွားတတ်ပါသည်။ သာမန်ရေသက်သက်ထက် ဓာတ်ဆားရည်ကို ချင့်ချိန်သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်၏ လျှပ်စစ်ဓာတ်စီးဆင်းမှုနှင့် ကြွက်သားလုပ်ဆောင်ချက်များကို ပိုမိုတည်ငြိမ်စေကြောင်း လေ့လာသိရှိရပါသည်။

### နေရောင်ခြည် အပြင်းဆုံးအချိန်ကို ရှောင်ရှားခြင်း

နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအတွင်းသည် ခရမ်းလွန်ရောင်ခြည်အပြင်းဆုံးနှင့် အပူရှိန်အမြင့်ဆုံးအချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် အပြင်ထွက်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်းသည် အပူဒဏ်ကြောင့်ဖြစ်သော ဝေဒနာများကို ကာကွယ်ရန် အထိရောက်ဆုံး နည်းလမ်းဖြစ်ပါသည်။

### လေဝင်လေထွက်နှင့် အဝတ်အထည်ရွေးချယ်မှု

နွေရာသီတွင်အသားအရေကို လေဝင်လေထွက် ကောင်းစေရန် ချည်သား(Cotton)အထည်များ ကိုသာ ဦးစားပေးဝတ်ဆင်သင့်ပါသည်။ ကျပ်လွန်းသော အဝတ်အစားများ သို့မဟုတ် နိုင်လွန်ထည်များသည် အပူကို လှောင်ထားတတ်သဖြင့် ခန္ဓာကိုယ် အပူချိန်ကို ပိုမိုမြင့်တက်စေနိုင်ပါသည်။

> **“ နွေရာသီ၏ အပူဒဏ်သည် ကျန်းမာရေးအပေါ် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ သို့သော်လည်း စနစ်တကျရေဓာတ်ဖြည့်တင်းခြင်း၊ သင့်တော်သော အနေအထိုင်၊ အစားအသောက်များကို ရွေးချယ်ခြင်းနှင့် အရေးပေါ် လက္ခဏာများကို သိရှိနားလည်ခြင်းဖြင့် အပူဒဏ်ကို အောင်မြင်စွာ ကျော်လွှားနိုင် ”**

### အပူဒဏ်ကြောင့် နွမ်းနယ်ခြင်း (Heat Exhaustion) လက္ခဏာများ

ခန္ဓာကိုယ် ပူရှိန်းရှိန်းဖြစ်ခြင်း၊ ပျို့အန်ချင်ခြင်းနှင့် အားအင်ကုန်ခန်းခြင်းတို့သည် အပူဒဏ်ကြောင့် နွမ်းနယ်ခြင်း၏ ရှေ့ပြေးလက္ခဏာများဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ဖြစ်ပါက ချက်ချင်း အေးမြသောနေရာသို့ရွှေ့ပြောင်းကာ အနားယူရန် လိုအပ်မည် ဖြစ်ပါသည်။

### အရေပြားကို နေလောင်ဒဏ်မှ ကာကွယ်ခြင်း

နေရောင်နှင့် တိုက်ရိုက်ထိတွေ့ပါက အရေပြား နီမြန်းခြင်း၊ ဖောင်းကြွခြင်းနှင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေရှိကြောင်း လေ့လာမှတ်သားရပါသည်။ ထို့ကြောင့် နေလောင်ကာခရင်မ်ကို လိမ်းခြင်း၊ ထီးနှင့်ဦးထုပ်ဆောင်းခြင်းတို့ကို အလေ့အကျင့်ပြုလုပ်ပါက ကျန်းမာရေးအတွက် အထူးကောင်းမွန်မည် ဖြစ်သည်။

### အစာအာဟာရကို ပေါ့ပေါ့ပါးပါးစားသုံးခြင်း

အဆီအစိမ့်နှင့် အသားဟင်း၊ အငန် အလေးအပင်များကို စားသုံးခြင်းက အစာခြေစနစ်ကို အလုပ်ပိုစေပြီး ကိုယ်တွင်းအပူချိန်ကို မြင့်တက်စေနိုင်ကြောင်း သိရှိမှတ်သားရပါသည်။ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို ဦးစားပေးစားခြင်းက ခန္ဓာကိုယ်ကို ပိုမိုပေါ့ပါးလန်းဆန်းစေနိုင်ပါသည်။ အစာအာဟာရကိုလည်း မိမိခန္ဓာကိုယ်နှင့် အချိုးအစား ကျနစွာ စားသုံးခြင်းသည် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေပါသည်။

### အငန်ဓာတ်နှင့် ရေဓာတ် ဟန်ချက်ညီမှု

အငန်ကဲသော အစားအစာများသည် ဆဲလ်များအတွင်းရှိ ရေဓာတ်ကို ဆွဲထုတ်လိုက်သဖြင့် ရေငတ်ခြင်းကို ပိုမိုဆိုးရွားစေပါသည်။ နွေရာသီတွင် ငါးပိ၊ ငါးခြောက်နှင့် အသင့်စား မုန့်ထုပ်များကဲ့သို့သော အငန်ကဲသည့် အရာများကို တတ်နိုင်သမျှ လျှော့စားသင့်ပါသည်။

### ကဖင်းဓာတ်နှင့် အယ်လ်ကိုဟော၏ ဆိုးကျိုးများ

ကော်ဖီ၊ လက်ဖက်ရည်နှင့် အရက်သေစာများသည် ဆီးရွှင်စေသော အာနိသင်ရှိသဖြင့် ခန္ဓာကိုယ်ထဲရှိ ရေဓာတ်ကို အပြင်သို့ ထုတ်ပစ်ခြင်းဖြစ်ပါသည်။ ၎င်းတို့ကို အလွန်အကျွံသောက်သုံးခြင်းဖြင့် ရေဓာတ်ခန်းခြောက်မှုကို မြန်ဆန်စေပြီး သွေးပေါင်ကျခြင်းကို အားပေးနိုင်ကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

### ခန္ဓာကိုယ်အပူချိန်ကို ရေချိုးခြင်းဖြင့် ထိန်းညှိခြင်း

တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ် ပုံမှန်ရေချိုးပေးခြင်းက အရေပြား၏အပူချိန်ကို လျှော့ချပေးပြီး စိတ်လက်ကြည်လင်စေကြောင်း သိရှိရပါသည်။ သို့သော် နေပူထဲက ပြန်လာလျှင် ချက်ချင်း ရေမချိုးဘဲ ခန္ဓာကိုယ်အပူချိန် အနည်းငယ်ကျဆင်းသွားသည်အထိ စောင့်ဆိုင်းခြင်းသည် သင့်လျော်ပြီး ကျန်းမာရေးထိခိုက်မှုကို လျော့နည်းစေနိုင်ပါသည်။

### နေအိမ်နှင့် ပတ်ဝန်းကျင် အေးမြအောင်ထားရှိခြင်း

နေအိမ်အတွင်း နေရောင်တိုက်ရိုက်မဝင်စေရန် လိုက်ကာများ ပိတ်ထားခြင်းနှင့် လေဝင်လေထွက် ကောင်းမွန်အောင်ပြုလုပ်ခြင်းက အရေးကြီးပါသည်။ ညဘက်တွင် ပြတင်းပေါက်များ ဖွင့်ထားခြင်းသည် အခန်းတွင်း အပူအောင်းမှုကို လျှော့ချပေးနိုင်ပါသည်။

### အိပ်စက်အနားယူခြင်း၏ အကျိုးကျေးဇူး

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်နေသော အင်္ဂါအစိတ်အပိုင်းများကို ပြန်လည်ပြုပြင်ရန် လုံလောက်သောအိပ်စက်ခြင်းက မရှိမဖြစ် လိုအပ်ပါသည်။ ညဘက်တွင်အေးမြပြီးသက်သောင့်သက်သာ ရှိသောနေရာတွင် အိပ်စက်ခြင်းက နောက်တစ်နေ့အတွက် အားအင်ပြန်လည်ပြည့်ဖြိုးစေပါသည်။ နေရာထိုင်ခင်း ရွေးချယ်တတ်ခြင်းသည် ပူအိုက်သောရာသီတွင် သက်သောင့်သက်သာဖြစ်စေမှုကို ရရှိစေနိုင်ပါသည်။

### အကာအကွယ်မဲ့သော အုပ်စုများကို စောင့်ရှောက်ခြင်း

ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများသည် အပူဒဏ်ကို ခံနိုင်ရည်အားနည်းသဖြင့် ရေဓာတ်ခန်းခြောက်ခြင်းကို အလွန်မြန်မြန် ခံစားရတတ်ပါသည်။ ထို့ကြောင့် ၎င်းတို့ကို ရေပုံမှန်တိုက်ခြင်းနှင့် အေးမြသောနေရာတွင် နေထိုင်စေခြင်းဖြင့် အထူးဂရုစိုက်ရန် လိုအပ်ပါသည်။

### ရေဓာတ်ကြွယ်ဝသော သဘာဝအသီးအနှံများ

ဖရဲသီး၊ သခွားသီး၊ ကျွဲကောသီး စသည့် အသီးအနှံများတွင် ရေဓာတ်နှင့် ဗီတာမင်များ များစွာပါဝင်ပါသည်။ ၎င်းတို့ကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အရည်ဓာတ်ကို သဘာဝအတိုင်း ရရှိစေနိုင်ပါသည်။

### ပြင်ပတွင် အလုပ်လုပ်ရသူများအတွက် ကျန်းမာရေး

လယ်ယာလုပ်ငန်း သို့မဟုတ် ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် အလုပ်လုပ်ရသူများသည် အရိပ်ထဲတွင် ခဏခဏနားပေးရန် လိုအပ်ပါသည်။ အလုပ်နားချိန်တွင် ရေကိုသင့်လျော်သလို သောက်သုံးပေးရပါမည်။ လုံးဝရေမသောက်ဘဲ တစ်နေ့လုံး နေပူထဲတွင် အလုပ်မလုပ်သင့်ပေ။ အလုပ်လုပ်ချိန်ကို အပူချိန်လျော့နည်းသော မနက်စောစော သို့မဟုတ် ညနေပိုင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းက ပိုမိုဘေးကင်းစေနိုင်ပါသည်။

### မျက်စိကို ခရမ်းလွန်ရောင်ခြည်မှကာကွယ်ခြင်း

ပြင်းထန်သော နေရောင်ခြည်သည် မျက်စိအတွင်းတိမ်ဖြစ်ခြင်းနှင့် အမြင်အာရုံထိခိုက်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ အရည်အသွေးကောင်းမွန်သော နေကာမျက်မှန် (Sunglasses) တပ်ဆင်ခြင်းဖြင့် မျက်စိကျန်းမာရေးကို ထိန်းသိမ်းနိုင်ပါသည်။

### အပူလျှပ်ခြင်း (Heat Stroke) အရေးပေါ်အခြေအနေ

ခန္ဓာကိုယ်အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်အထက်မြင့်တက်ခြင်း၊ ချွေးမထွက်တော့ခြင်းနှင့် သတိလစ်ခြင်းတို့သည် အသက်အန္တရာယ်ရှိသော အပူလျှပ်ခြင်း လက္ခဏာများဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ထိုသို့ဖြစ်ပါက လူနာကိုချက်ချင်း အအေးပေးပြီး ဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း လေ့လာဖတ်ရှုခဲ့ရပါသည်။

### အချိုလွန်ကဲသော အအေးမိအချိုရည်များကို ဆင်ခြင်ခြင်း

ရေခဲတုများဖြင့် ပြုလုပ်ထားသော အချိုရည်များသည် ရေငတ်ပြေစေသယောင် ထင်ရသော်လည်း ဆီးချိုတက်ခြင်းနှင့် ရေငတ်ခြင်းကို ပိုမိုဖြစ်စေနိုင်ပါသည်။ သဘာဝသစ်သီးဖျော်ရည် သို့မဟုတ် သန့်ရှင်းသော ရေအေးကိုသာ အဓိက သောက်သုံးပေးရပါမည်။

### စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုနှင့် အပူဒဏ်

အပူချိန်မြင့်မားခြင်းက စိတ်တိုလွယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းနှင့် စိတ်ဖိစီးမှုများကို ဖြစ်စေနိုင်ပါသည်။ စိတ်ကိုတည်ငြိမ်အောင်ထားခြင်း၊ တရားဘာဝနာပွားများခြင်း သို့မဟုတ်အေးအေးဆေးဆေး အနားယူခြင်းက အပူဒဏ်ကြောင့် စိတ်ထိခိုက်မှုကို လျှော့ချပေးနိုင်ပါသည်။

နွေရာသီ၏ အပူဒဏ်သည် ကျန်းမာရေးအပေါ် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း စနစ်တကျ ရေဓာတ်ဖြည့်တင်းခြင်း၊ သင့်တော်သော အနေအထိုင်၊ အစားအသောက်များကို ရွေးချယ်ခြင်းနှင့် အရေးပေါ်လက္ခဏာများကို သိရှိနားလည်ခြင်းဖြင့် အပူဒဏ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ပါသည်။ ကျန်းမာရေး အသိသတိဖြင့် နေထိုင်ခြင်းသည် ဆေးကုသခြင်းထက် ပိုမိုထိရောက်သောကြောင့် မိမိကိုယ်တိုင်သာမက ပတ်ဝန်းကျင်ရှိသူများကိုပါ ဂရုစိုက်စောင့်ရှောက်ရင်း သာယာအေးမြသော နွေရက်များကို ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ဘုရားစေတီဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၂၂**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဘုရားစေတီ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

**ကြည်ညိုဖွယ်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်**

ဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကိုစတင်ပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများအား ကြည်ညိုဖွယ်ဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန်လိုကြောင်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအနေဖြင့်လည်း ဂေါပကအဖွဲ့ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ ဘုရားစေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါတွင် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် သာသနိကအဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ကြရန်လိုကြောင်းနှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်စေရေး စီစဉ်ဆောင်ရွက်ထားရှိရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်၊ ပုဗ္ဗသီရိမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် ဂေါပကအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြရာ နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အစည်းအဝေးအား ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက နေပြည်တော် သတ္တသတ္တဟစေတီတော်မြတ်ကြီး အတွင်းအပြင်နှင့် လမ်းဘေးဝဲယာရှိ မြက်ပင်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ဖြတ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်များအား စုပေါင်းရှင်းလင်းခြင်း၊ အမှိုက်သရိုက်များအား အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်း စွန့်ပစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် စုပေါင်းသန့်ရှင်းရေး လာရောက်ဆောင်ရွက်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဆန်နှင့်စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

## ၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၁**

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ၂၀၁၂ ခုနှစ်က စတင်ပြီး ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံက သစ်ပင်၊ သစ်တော ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ ကမ္ဘာနှင့် အဝန်း အမျိုးအစားစုံလင်သည့် သစ်တောဂေဟာစနစ်များ၏ အရေးပါမှုကို ပိုမိုသိရှိနားလည်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နှစ်စဉ် မတ် ၂၁ ရက်နေ့ကို သတ်မှတ်ပေးခဲ့ကြောင်း၊ သစ်ပင်၊ သစ်တောများသည် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ပြီး သစ်တောထွက်ပစ္စည်း အခြေပြုဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ သစ်တောသယံဇာတများကြွယ်ဝမှုကို ဖော်ပြရလျှင် သစ်တောဖုံးလွှမ်းမှုဆန်းစစ်လေ့လာမှုများအရ ၂၀၁၅ ခုနှစ်တွင် ၄၁ ဒသမ ၈၇ ရာခိုင်နှုန်း သစ်တောများဖုံးလွှမ်းလျက်ရှိကြောင်း၊ အထူးသဖြင့် ကျွန်းသစ်နှင့် သစ်မာသစ်မျိုးများဖြစ်သည့် ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သင်းဝင်၊ အင်၊ ကညင် စသည့် အဖိုးတန်သစ်မျိုးများကို ရွက်ပြတ်ရောနှောတောများတွင် တွေ့ရပြီး နိုင်ငံ့စီးပွားရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

နေပြည်တော်အတွင်း သစ်တောဖုံးလွှမ်းမှုများ ပိုမိုတိုးပွားလာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူ ပြုလာနိုင်ရေးအတွက် တောနိမ့်တောကျဲပါးနေရာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောနယ်မြေပြင်ပတွင် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သစ်ပင်၊ သစ်တောစိုက်ပျိုးထိန်းသိမ်းရေးများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း စသည့်သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်ဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် သစ်တောဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်ပြဘုတ် ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၁၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

- (က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။
- (ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။
- (ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။
- (ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- (င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။
- (ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။
- (ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။
- (ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။
- (င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။
- (စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

- (က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။
- (ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။
- (ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
- (ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။
- (ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။
- (ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။
- (င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။
- (စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

- (က) အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။
- (ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။
- (ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။
- (ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မော်လမြိုင်မြို့၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မော်လမြိုင် မတ် ၂၁**

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ကျင်းပရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအစီအစဉ် တစ်ရပ်အနေဖြင့်သာ ကျင်းပခြင်းမဟုတ်ဘဲ နိုင်ငံသားများက သစ်တောများ၏ စားရေရိက္ခာဖူလုံစေခြင်း၊ ဂေဟစနစ် ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ခြင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ အတွက် အရေးပါပုံကို သိမြင်နားလည်လက်ခံပြီး သစ်တောစီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ သစ်တောသစ်ပင်များမှရရှိသည့် အကျိုးကျေးဇူးများကို သိရှိနားလည်ပြီး ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသခဲ့သည်။ ဆက်လက်၍ ပြည်နယ် သယံဇာတရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော နံရံကပ်ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**ထားဝယ် မတ် ၂၁**

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက မိမိတို့နယ်မြေဒေသအတွင်း သဘာဝသယံဇာတများ ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု မျှခြေရရှိရေးဖော်ဆောင်မှုတွင် သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပစေရေးတို့အတွက် သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ဗီဒီယိုကိုလည်းကောင်း၊ ခန်းမ အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အခမ်းအနားကျင်းပ



**ပုသိမ် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး တိုင်းဧရာညော့်ရိပ်သာ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောခိုင်ဦးက “သစ်တောများနှင့် စီးပွားရေး” ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဇေယျာသီရိမြို့နယ်၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်



**နေပြည်တော် မတ် ၂၁**

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နွေရာသီအခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက အမှာစကား ပြောကြားသည်။

အဆိုပါ နွေရာသီပန်းချီရေးဆွဲနည်းသင်တန်းကို ပြည်သူ့စာကြည့်တိုက်အနီးရှိကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်သင်ယူကြပြီး သင်တန်းဆရာ ကာတွန်းအိမောင်က အခြေခံပန်းချီပညာများဖြစ်သည့် မျဉ်းကွေး၊ မျဉ်းမတ်၊ မျဉ်းစောင်း၊ စက်ဝိုင်းများ၏ သဘောတရားများနှင့် အရောင်အနု/အနုအရင့် ရေးခြယ်ခြင်းများကို စာတွေ့၊ လက်တွေ့ မတ် ၂၁ ရက်မှ ၂၃ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## တောင်ငူမြို့၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**တောင်ငူ မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်သစ်တောဦးစီးဌာနက ဦးဆောင်၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တောင်ငူခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က “သဘာဝအရင်းအနှီးဖြစ်သော သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်ခြင်းဖြင့် နိုင်ငံ့စီးပွားရေရှည်ဖွံ့ဖြိုးရေး ဖော်ဆောင်စို့” ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## နွေရာသီအခြေခံအားကစားနည်းသင်တန်း၊ ကဗျာလွတ်အကသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

**မိုင်းယန်း မတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီအခြေခံအားကစားနည်းသင်တန်း၊ ကဗျာလွတ်အကသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟော်ကန်ရပ်ကွက်အတွင်းရှိ မြို့မအားကစားခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ချိုချိုခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက “ဗုဒ္ဓဝင်အလင်္ကာဆောင်ပုဒ်” ကဗျာကို ရွတ်ဖတ်ခြင်းနှင့် “ကဗျာလွတ်အက” ဖြင့် ကပြဖျော်ဖြေခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထူး**

## မိုးကောင်းမြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အခမ်းအနားကျင်းပ

**မိုးကောင်း မတ် ၂၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းမော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

# IEA က ရေနံသုံးစွဲမှုလျှော့ချရန် အချက် ၁၀ ချက်ပါ အစီအမံများကို အဆိုပြု

**ပါရီ မတ် ၂၁**

အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA) သည် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုများကြောင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိပြီး အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများအတွက် ရေနံသုံးစွဲမှုလျှော့ချရေး အစီအမံများကို အဆိုပြုထားသည်။




IEA သည် မတ် ၂၀ ရက်တွင် အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ရာ အဖွဲ့ဝင်နိုင်ငံများသည် အေဂျင်စီသမိုင်းတစ်လျှောက် အရေးပေါ်သိုလှောင်ထားသည့် ရေနံများကို ပမာဏအများအပြားထုတ်ယူသုံးစွဲနိုင်ရေးနှင့်ပတ်သက်ပြီး သဘောတူခဲ့ကြကြောင်း ဖော်ပြထားသည်။ ယင်းအစီရင်ခံစာတွင် အချက် ၁၀ ချက်ပါ အစီအမံများကို အဆိုပြုထားကြောင်း၊ အချက်အများအပြားမှာ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍနှင့် ဆက်နွှယ်နေကြောင်း၊ IEA ၏ အဆိုအရ အဆိုပါကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာ ရေနံလိုအပ်ချက်၏ ၄၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ယင်းအစီအမံများတွင် အများပြည်သူသုံးပို့ဆောင်ရေးယာဉ်များကို အသုံးပြုရန် တိုက်တွန်းခြင်းနှင့် နေအိမ်မှ အလုပ်လုပ်စေခြင်းတို့ပါဝင်သည်။ ထို့ပြင် အခြားရွေးချယ်စရာနည်းလမ်းများရှိပါက စီးပွားရေးကိစ္စရပ်များအတွက် လေယာဉ်ဖြင့် ခရီးသွားခြင်းကို ရှောင်ရှားကြရန်အတွက်လည်း အေဂျင်စီက တိုက်တွန်းထားသည်။

IEA အမှုဆောင်ညွှန်ကြားရေးမှူး ဖာတီဘီရိုးလ်က အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုက စွမ်းအင်အကျပ်အတည်း ဖြစ်ပေါ်စေကြောင်း၊ ယင်းအခြေအနေကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိပါက စွမ်းအင်ဈေးကွက်နှင့် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# မိုဇမ်ဘစ်နိုင်ငံ၌ ပြင်းထန်သည့်ရာသီဥတုဖြစ်စဉ်များကြောင့် လူပေါင်း တစ်သန်းကျော် ထိခိုက်ခဲ့

**မပူတို မတ် ၂၁**

မိုးရာသီနှင့် ဆိုင်ကလုန်းမုန်တိုင်းများကြောင့် မိုဇမ်ဘစ်နိုင်ငံ၌ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ပြင်းထန်သည့် ရာသီဥတုဖြစ်ပွားပြီး လူပေါင်းတစ်သန်းကျော် ထိခိုက်ခံစားခဲ့ရကြောင်း သဘာဝဘေးအန္တရာယ် စောင့်ကြည့်ရေး အစီရင်ခံစာက မတ် ၂၀ ရက်တွင် ထုတ်ပြန်ထားသည်။

မိုဇမ်ဘစ်နိုင်ငံတစ်ဝန်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၂၁ ရက်အတွင်း လေပြင်းများတိုက်ခတ်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ မီးလောင်ခြင်း၊ ကာလဝမ်းရောဂါဖြစ်ပွားခြင်းနှင့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း Gezani ဝင်ရောက်တိုက်ခတ်ခြင်းတို့ကြောင့် မိသားစု ၂၃၀၈၅၃ စုမှ လူပေါင်း ၁၁၁၀၇၅၉ ဦးကို ထိခိုက်စေခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင်သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးသူ ၂၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၃၄၉ ဦးနှင့် ပျောက်ဆုံးသူ ၁၅ ဦးရှိကြောင်း သိရသည်။

မိုဇမ်ဘစ်နိုင်ငံ၌ နေအိမ် ၂၁၂၀၇ လုံးထက်မနည်း တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပြီး နေအိမ် ၁၀၀၀၁ လုံးမှာ လုံးဝပျက်စီးသွားကာ နေအိမ် ၂၀၃၇၂၉ လုံးမှာ ရေကြီးနစ်မြုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ပညာရေးကဏ္ဍတွင်လည်း ကြီးမားစွာပျက်စီးခဲ့ပြီး ကျောင်းသား ၃၇၈၂၉၇ ဦး၊ ဆရာဆရာမ ၁၀၇၄၇ ဦးကိုလည်း ထိခိုက်စေခဲ့ကြောင်း၊ ကျောင်းစုစုပေါင်း ၇၂၄ ကျောင်းနှင့် စာသင်ခန်း ၂၁၈၆ ခန်းလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားမော်တော်ယာဉ်အပိုပစ္စည်းထုတ်လုပ်သည့်စက်ရုံ မီးလောင်မှု သေဆုံးသူ ၁၄ ဦးရှိလာ

**ဆိုးလ် မတ် ၂၁**

တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်း ဒယ်ဂျွန်းမြို့ရှိမော်တော်ယာဉ် အပိုပစ္စည်းထုတ်လုပ်သည့် စက်ရုံမီးလောင်မှု ဖြစ်ပွားပြီးနောက် မတ် ၂၁ ရက် ညနေပိုင်းအထိ သေဆုံးသူ ၁၄ ဦးရှိလာကြောင်း တောင်ကိုရီးယား မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

မတ် ၂၀ ရက် မွန်းလွဲပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားချိန်တွင် ယင်းစက်ရုံအတွင်း လုပ်သား ၁၇၀ ခန့်ရှိကြောင်း၊ မီးလောင်မှုကို ညပိုင်းတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးခိုးငွေ့ ရှူရှိုက်မိခြင်း၊ ဘေးလွတ်ရာသို့ အဆောက်အအုံပေါ်မှ ခုန်ချခြင်းနှင့် အခြားသော အကြောင်းရင်းများကြောင့် လူပေါင်း ၅၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်အာဏာပိုင်များက ပြောသည်။




မီးသတ် သမားများက အဆောက်အအုံ၏ တတိယထပ်တွင် ရုပ်အလောင်း ၁၄ ခုကိုတွေ့ရှိခဲ့သည်ဟု ယွန်ဟပ်သတင်းဌာနက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများကြောင့် အီရတ်ရှိ ပိုလန်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်း

**ဝါဆော မတ် ၂၁**

အရှေ့အလယ်ပိုင်းဒေသ လုံခြုံရေးအခြေအနေများ ဆိုးရွားနေသည့်ကာလတွင် ပိုလန်နိုင်ငံသည် အီရတ်နိုင်ငံရှိ ၎င်းတို့တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းလိုက်သည်ဟု ကာကွယ်ရေးဝန်ကြီး ဝေလော့ဒ်စလော့ ကိုစီနီယက်ကမ်မစ်ရှ်က မတ် ၂၀ ရက်တွင် ပြောသည်။

ဖြစ်နိုင်ခြေရှိသည့် အလားအလာများနှင့် အန္တရာယ်ရှိမှုတို့အပေါ် အကဲဖြတ်မှုများလုပ်ဆောင်ပြီးနောက် ယင်းကဲ့သို့ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပိုလန် ကာကွယ်ရေးဝန်ကြီးက လူမှုကွန်ရက် မီဒီယာပေါ်တွင် ပြောကြားခဲ့သည်။

အီရတ်တွင် တပ်ဖြန့်ချထားသည့် ပိုလန်တပ်ဖွဲ့ဝင်ပေါင်း ၃၅၀ ရှိသည်ဟု ပိုလန်သတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

တပ်ဖွဲ့ဝင်အများစုမှာ ပိုလန်နိုင်ငံ အပြန်လမ်းတွင်ရောက်ရှိနေကြပြီဖြစ်ပြီး အချို့မှာ ၎င်းတို့၏ လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရန် ဂျော်ဒန်နိုင်ငံသို့ ထွက်ခွာသွားကြသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ကျင်းပ

**အူလန်ဘာတာ မတ် ၂၁**

မွန်ဂိုလီးယားနိုင်ငံ၌ သစ်တောများနှင့် သစ်ပင်များ၏ အရေးပါမှုအကြောင်းကို ပြည်သူများ အသိပညာတိုးပွားစေရန် ရည်ရွယ်ကာ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကို မတ် ၂၁ ရက်တွင် ကျင်းပကြောင်း ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ မြေဧရိယာစုစုပေါင်း သန်းပေါင်း ၁ ဒသမ ၅၆ စတုရန်းကီလိုမီတာရှိပြီး ယင်းတို့အနက် မြေ ၁၀ ရာခိုင်နှုန်းမှာ သစ်တောများ ဖုံးလွှမ်းနေကြောင်း သိရသည်။ တရားဝင်အချက်အလက်များအရ မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၇၇ ရာခိုင်နှုန်းမှာ တစ်စတစ်စ သဲကန္တာရများဖြစ်လာခြင်းနှင့် မြေပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၌ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန် နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးခြင်းလှုပ်ရှားမှုကို ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်း စတင်ခဲ့ပြီး သဲကန္တာရဖြစ်ခြင်းကို ဖြေရှင်းရန် ၂၀၃၀ ပြည့်နှစ်အထိ သစ်ပင် တစ်ဘီလီယံထက်မနည်း စိုက်ပျိုးရန် ရည်ရွယ်ထားကြောင်း သိရသည်။ အဆိုပါလှုပ်ရှားမှု စတင်သည့်အချိန်မှစကာ နိုင်ငံတစ်ဝန်း သစ်ပင် ၁၂၈ သန်းခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက သိရသည်။

**ဆင်ဟွာ**

# အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ဒိုဟာကမ္ဘာ့ဖလားကျွမ်းဘားပြိုင်ပွဲကို ဖျက်သိမ်း

**ဂျနီဗာ မတ် ၂၁**

ကမ္ဘာ့ဖလားကျွမ်းဘားပြိုင်ပွဲကို ဧပြီလအတွင်း ဒိုဟာမြို့တွင် ကျင်းပရန် စီစဉ်ထားသော်လည်း အရှေ့အလယ်ပိုင်းဒေသတွင် လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် ပြိုင်ပွဲကိုဖျက်သိမ်းသွားမည်ဟု ကမ္ဘာ့ကျွမ်းဘားအဖွဲ့ချုပ်က မတ် ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အရေးပေါ် အွန်လိုင်းမဲပေးခြင်းနှင့် အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသော လတ်တလောအခြေအနေများကြောင့် ဒိုဟာမြို့တွင် ပြုလုပ်မည့် ၂၀၂၆ ခုနှစ် ကျွမ်းဘားအနုပညာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ကြောင်း ကမ္ဘာ့ကျွမ်းဘားအဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို မူလက ဧပြီ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ပြိုင်ပွဲကို ပြန်လည်ကျင်းပမည် မဟုတ်ဟုလည်း ဖော်ပြထားသည်။ အရှေ့အလယ်ပိုင်းဒေသ အမြန်ဆုံးပြန်လည်တည်ငြိမ်မှုရရှိစေရေး မျှော်လင့်ကြောင်း ကမ္ဘာ့ကျွမ်းဘားအဖွဲ့ချုပ်က ပြောသည်။

ထို့ပြင် ကမ္ဘာ့ကျွမ်းဘားအဖွဲ့ချုပ်အစည်းအဝေးတွင် အဆင့်သတ်မှတ်ချက်အတွက် ထည့်သွင်းစဉ်းစားရမည့်ရလဒ် အပါအဝင် စည်းမျဉ်းများကို ပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကီရာလာပြည်နယ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် ငှက်အကောင်ရေ ၂၀၀၀၀ ကျော် ရှင်းလင်းရန် အမိန့်ထုတ်

**နယူးဒေလီ မတ် ၂၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ် အာဏာပိုင်များက ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် ငှက်အကောင်ရေ ၂၀၀၀၀ ကျော်ကို ရှင်းလင်းရန် အမိန့်ထုတ်ထားကြောင်း ဒေသတွင်းမီဒီယာများ၏ မတ် ၂၀ ရက် ဖော်ပြချက်အရ သိရသည်။

အဆိုပါလှုပ်ရှားမှုသည် ကြက်ငှက်တုပ်ကွေးရောဂါ လက်ရှိဖြစ်ပွားနေသည့် ကိုဇီကုဒ်နှင့် အလက်ပူဇာခရိုင်တို့တွင် ရောဂါထိန်းချုပ်ရေးလှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ကိုဇီကုဒ်ရှိ ငှက် ၁၄၂၂၈ ကောင်နှင့် အလက်ပူဇာခရိုင်ရှိ ငှက် ၅၉၆၁ ကောင်ကို ရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။ ဘိုလ်ပယ်မြို့ရှိ အမျိုးသားတိရစ္ဆာန်ရောဂါ လုံခြုံရေးအင်စတီကျူသို့ ပေးပို့သည့်နမူနာများတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိသည်ဟု အတည်ပြုပြီးနောက် ယင်းသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရောဂါကို ငှက်များတွင်သာ တွေ့ရှိရသေးသော်လည်း ပြည်သူများအနေဖြင့် သတိရှိရှိနေထိုင်ကြရန်၊ ပုံမှန်မဟုတ်သည့် ငှက်များ အစုလိုက်သေဆုံးမှုများနှင့်ကြုံတွေ့ပါက အနီးစပ်ဆုံး တိမ္မေးကုဆေးရုံသို့ သတင်းပို့ကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## ဒက္ခိဏသီရိမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပစေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၂၁**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် မြို့နယ်စိုက်ကြပ်အဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့က ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာ ကွင်းအမှတ် (၁၆၇၁) ကွင်းအတွင်း နွေစပါးစိုက်ပျိုးနိုင်ရေး DY 1 လက်တံမြောင်းမှ ရေပေးဝေမှုအခြေအနေနှင့် တောင်သူ ဦးခင်မောင်ညွန့်၏ လယ်ဧက ၁၀၀ အား နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နွေစပါး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုနှင့် နွေစပါးစိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က တောင်သူများအား စပါးနှင့် အခြားသီးနှံများအထွက်နှုန်းကောင်းမွန်စေရေး မြေပြုပြင်ခြင်းလုပ်ငန်းအား စနစ်တကျဆောင်ရွက်ရန်၊ မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်၍ ပန်းတိုင်အထွက်နှုန်းရရှိစေရေး နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ရန်၊ ရိုးပြတ်များမီးမရှို့ရန်၊ သဘာဝမြေဆွေးပုံများ စနစ်တကျဆောင်ရွက်သွားရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဒက္ခိဏသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်နေပြည်သူ ၃၀၀ တို့က ရတီလမ်းနှင့် ကလျာလမ်းဘေး ဝဲယာတစ်လျှောက် ရွှေအင်ကြင်းရပ်ကွက်၊ ဒိုးနွယ်ကျေးရွာ၊ ဆည်စုကျေးရွာ၊ ချိုင်းကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့၏ လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်၊ ချုံနွယ်၊ မြက်ပင်အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

## လမ်းမတော်မြို့နယ်၌ ဗဟိုမှိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်း

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဗဟိုမှိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အလက (၁) ကျောင်း မြမာလာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင်က ဗဟိုမှိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများက သိရှိလိုသည်များကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။



**ကျော်ဆန်းမြင့်**

## ထန်းတပင်မြို့နယ်၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာနှင့် ကိုယ်ကာယကြံ့ခိုင်ရေးသင်တန်းဖွင့်

**ထန်းတပင် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ယဉ်ကျေးလိမ္မာနှင့် ကိုယ်ကာယ ကြံ့ခိုင်ရေး သင်တန်းကို ယနေ့ နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း ပင်လုံခန်းမ၌ ဖွင့်လှစ်သည်။



အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခိုင်စန္ဒာထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား ဦးဇာဏီမောင် ဒုတိယမြို့နယ်ပညာရေးမှူး(စီမံ/ဘဏ္ဍာ)က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

အဆိုပါသင်တန်းကို ဆရာ ဆရာမများက ၁၀ ရက်ကြာ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပြီး မီးဘေးလုံခြုံရေးစစ်ဆေး

**ကော့သောင်း မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရေကြောင်းရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ကုန်တင်သင်္ဘောများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများကို ယမန်နေ့က ဆောင်ရွက်သည်။




ထိုသို့ဆောင်ရွက်ရာတွင် ကော့သောင်းခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်မင်းသူဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်အောင်မျိုးသက်နှင့် တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက စနစ်တကျ မီးငြိမ်းသတ်ရမည့် နည်းလမ်းများနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြပြီး ကုန်တင်သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများအား မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။



## ကျွန်းစုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**ကျွန်းစု မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က စလွန်အော်ကြီးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးခင်စိုးက နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ သစ်တောများကို ထိန်းသိမ်းစို့ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောအုပ် ဦးနိုင်မင်းက သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးတို့ကို လည်းကောင်း၊ တောအုပ် ဦးဇော်ကိုလတ်က မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာတို့ကို လည်းကောင်း အသိပညာပေးဟောပြောပြီး သစ်တောဦးစီးဌာနဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် အမှတ်တရ သစ်တောကြေးမုံစာအုပ်များကို မြို့နယ်သစ်တောဦးစီးဌာနမှူးက ပေးအပ်လှူဒါန်းခဲ့သည်။

**ထက်မြင့်(ကျွန်းစု)**



## မိုင်းယောင်းမြို့၌ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး

**မိုင်းယောင်း မတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် နားဖန်းကျေးရွာ၌ ယမန်နေ့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်နှင့် တာဝန်ရှိသူများက အိမ်တိုင်းမီးသတ်ဆေးဘူးများကို တတ်နိုင်သမျှ ဆောင်ထားကြရမည်ဖြစ်ကြောင်း စသည့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့သည်။

**စိုင်းအောင်ဇော်လင်း**



သရက်ချောင်းမြို့နယ်၌ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်နိုင်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကင်းရှင်းစေရန် မတ် ၂၁ ရက် နံနက်ပိုင်းက စက်သုံးဆီ အရောင်းဆိုင်များ ဆီထည့်စဉ် မီးလောင်မှု/မီးလန့်မှု မဖြစ်ပွားစေရေး စစ်ဆေးဆောင်ရွက်စဉ်။ ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

# စစ်တွေမြို့ ရွှေကရုဏာစေတနာဆေးခန်း၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးပြီး မျက်မှန်များလှူဒါန်း

**စစ်တွေ မတ် ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ ရွှေကရုဏာစေတနာဆေးခန်း၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးနေမှုကို ယနေ့နံနက်ပိုင်းက ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးမြင့်စိုးနှင့် ဇနီးတို့က သွားရောက်ကြည့်ရှုအားပေးပြီး မျက်မှန်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးသည် မျက်စိဝေဒနာရှင်များအား ရွှေကရုဏာစေတနာဆေးခန်းမှ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ကူညီစောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယင်းနောက် မျက်စိဝေဒနာရှင်များအား စစ်တွေမြို့ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းနိုင် ဦးဆောင်ပြီး ဆရာဝန်၊ သူနာပြုများက စစ်တွေမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးသည်။

ထို့နောက် မျက်စိခွဲစိတ်ပြီး လူနာများအား ပြည်နယ် သယံဇာတရေးရာဝန်ကြီးနှင့် ဇနီးတို့က အားပေးစကားပြောကြားပြီး မျက်မှန်များ လှူဒါန်းပေးကာ မျက်စိခွဲစိတ်ကုသရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုနှင့်ပတ်သက်၍ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ သိန်းနိုင်က "ဒီရွှေကရုဏာဆေးခန်းမှာ လစဉ်အလှူရှင်တွေရဲ့ လှူဒါန်းမှုအပေါ် မူတည်ပြီး လူနာတွေကို ပုံမှန်တစ်လတစ်ကြိမ်၊ နှစ်ကြိမ် အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိပါတယ်။ မျက်စိဝေဒနာရှင်တွေအနေနဲ့ လာရောက်ပြသပြီး ကုသမှုခံယူနိုင်ပါတယ်။ ဒ့ါအပြင် စေတနာရှင်တွေအနေနဲ့လည်း ရွှေကရုဏာဆေးရုံနဲ့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်" ဟု ပြောပြသည်။

အသက် (၇၃) နှစ်အရွယ် မျက်စိဝေဒနာရှင် ဦးဖိုးမြက "ကျွန်တော့်မျက်စိကို မနေ့ကခွဲပါတယ်။ အရင်က ကြည်ကြည်လင်လင်မမြင်ရ၊ မတွေ့ရတာတွေကို တွေ့မြင်ရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ရွှေကရုဏာဆေးရုံမှ တာဝန်ရှိသူတွေ၊ အလှူရှင်တွေနဲ့ ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်ကြီးကိုလည်း ကျန်းမာပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောကြားသည်။



ရွှေကရုဏာစေတနာဆေးခန်းကို တစ်ပတ်လျှင် ခြောက်ရက် ဖွင့်လှစ်ထားရှိပြီး (မျက်စိ၊ အထွေထွေ) ရောဂါများအတွက် နေ့စဉ် စေတနာ့ဝန်ထမ်း ဆရာဝန်များဖြင့် ကုသပေးလျက်ရှိကြောင်းနှင့် နေ့စဉ်ပျမ်းမျှ လူနာ၇၀ ကျော်ကို အခမဲ့ကုသပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေကရုဏာစေတနာ့ဆေးခန်းမှ ဦးကျော်သိန်းဝင်းက ပြောပြသည်။

**ဟန်ဝင်းအောင်၊ တင်ထွန်း(ပြန်/ဆက်)**

# ပန်းတနော်မြို့နယ်၌ အိမ်တွင်းလက်မှုသင်တန်းဖွင့်

**ပန်းတနော် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လူထုအခြေပြု ဗဟိုဌာန၌ အိမ်တွင်းလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံအမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ တိုးမြှင့်ပေးနိုင်ရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ခြင်းထိုးနည်းသင်တန်းကို ယမန်နေ့က ဖွင့်လှစ်သည်။



အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ လူထုအခြေပြု ဗဟိုဌာန၏ လုပ်ငန်းဆောင်တာများနှင့် အိမ်တွင်းလက်မှုလုပ်ငန်းများမှတစ်ဆင့် မိသားစုဝင်ငွေ တိုးတက်လာနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

**လက်တွေ့သင်ကြား**

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသီတာထက်က အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ ကိုယ်ပိုင်လုပ်ငန်း စတင်နိုင်ရေးနှင့် လူမှုဘဝတိုးတက်ရေးဆိုင်ရာ အခန်းကဏ္ဍများကို အလေးထားပြောကြားကာ သင်တန်းကို သတ်မှတ်ကာလအတွင်း နေ့စဉ် ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းနည်းပြများက ခြင်းထိုးနည်း အခြေခံမှစ၍ အဆင့်မြင့်ဒီဇိုင်းများအထိ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းပါဝင် တက်ရောက်သူများသည် ခြင်းထိုးပညာရပ်ကို ကျွမ်းကျင်လာခြင်းအပြင် မိမိတို့၏ထုတ်ကုန်များကို စီးပွားရေးအနေဖြင့် အသုံးချနိုင်ရန် လမ်းညွှန်မှုများလည်း ရရှိမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ဒေသခံအမျိုးသမီးများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် လက်တွေ့အသုံးချနိုင်သော အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုအဖြစ် တိုးချဲ့ဆောင်ရွက်နိုင်ရန် ပံ့ပိုးမှုများ ဆက်လက်ပေးသွားမည်ဖြစ်သည်။

**ဆက်လက်ဖွင့်လှစ်မည်**

သင်တန်းများကို ပုံမှန်ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နွေစပါးမျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်း၌ နွေစပါး(ရေဆင်းပေါ်ဆန်း - ၂) စိုက်ပျိုးသရုပ်ပြ

**မိတ္ထီလာ မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး အစီအစဉ်ဖြင့် နွေစပါးမျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်း၌ ကောက်စိုက်စက်ဖြင့် နွေစပါး(ရေဆင်းပေါ်ဆန်း-၂)စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို မတ် ၁၉ ရက်က ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာ ကွင်းအမှတ် ၇၄၀ ရှိ တောင်သူ ဦးဖုန်းမြင့်၏ စိုက်ကေ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးလွင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းက ကောက်စိုက်စက်ဖြင့် နွေစပါး(ရေဆင်း ပေါ်ဆန်း-၂) စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနား ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက မြို့နယ်အတွင်း လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နိုင်စေရေး၊ လုပ်သားအင်အား ရှားပါးမှု ပြဿနာ ဖြေရှင်းပေးနိုင်ရေးနှင့် စပါးအထွက်နှုန်း ကောင်းမွန်စေရန်ရည်ရွယ်၍ ဒေသခံတောင်သူများအား ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းကို လက်တွေ့ပြသခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စိမ်းလန်းမြေကုမ္ပဏီလီမိတက်မှ တာဝန်ခံ ဦးမောင်မောင်ထွန်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းအဆင့်ဆင့်ကို ရှင်းပြသည်။ ထို့နောက် ခရိုင်စက်မှုလယ်ယာ ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်သန်းက မြို့နယ်အတွင်း ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး အစီအစဉ်ဖြင့် နွေစပါးမျိုးစေ့ထုတ် ဧက ၁၀၀ အတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးလွင်နှင့် အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များက စိုက်ပျိုးရေးတောင်သူများအား သွင်းအားစုများ ပေးအပ်ခဲ့သည်။



ဆက်လက်၍ ကောက်စိုက်စက်ဖြင့် နွေစပါး (ရေဆင်းပေါ်ဆန်း-၂) စိုက်ပျိုးခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**




# ငှက်ဖျားအန္တရာယ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်

**စစ်တွေ မတ် ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ မန္တလေးငှက်ကြီး (၁)နှစ်ပြည့်အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအဖြစ် ငှက်ဖျားအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၁၈ ရက်မှ ၂၀ ရက်အထိ (၃)ရက်ကြာ မြို့ပေါ်ရပ်ကွက်ရှိ လူစုဝေးရာနေရာများ၊ လမ်းဆုံလမ်းခွများ၊ ဈေးဆိုင်များနှင့် မကျည်းမြိုင်၊ ဝက်ဘာကွင်းရပ်ကွက်ဈေးများနှင့် မြို့မဈေးကြီးများတွင် လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိုးတိမ်တောင်ကြောင့် လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် မတ် ၂၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ခရိုင်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**ပြည် မတ် ၂၁**

မတ် ၂၁ ရက်တွင် ကျရောက်သော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ကြိုဆို ဂုဏ်ပြုသည့် ခရိုင်အဆင့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုလဲသီတာခန်းမ၌ကျင်းပရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ၊ သစ်တောဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင်များ စုစုပေါင်း ၁၀၆ ဦး တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး လင်းအောင်ပြည့်က ၂၀၁၂ ခုနှစ်မှစတင်ပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက သစ်ပင်၊ သစ်တောထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ ကမ္ဘာတစ်ဝန်း အမျိုးအစားစုံလင်သည့် သစ်တောဂေဟစနစ်များ၏အရေးပါမှုကို ပိုမိုသိရှိနားလည်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ် မတ် ၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို "သစ်တောများနှင့် စီးပွားရေး(Forests and Economies)" ဟူသည့် ဆောင်ပုဒ်နှင့် ယနေ့ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများအား ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် ဗီဒီယိုကလစ် ဖွင့်လှစ်ပြသကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



## သာယာဝတီမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ ခရိုင်အဆင့်အခမ်းအနားကျင်းပ

**သာယာဝတီ မတ် ၂၁**

မတ်၂၁ ရက်တွင် ကျရောက်သော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အား ကြိုဆိုသောအားဖြင့် သာယာဝတီခရိုင် သစ်တောဦးစီးဌာနကကြီးမှူး၍ ခရိုင်အဆင့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပရာ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးဇော်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်များမှ သစ်တောဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင်များ စုစုပေါင်း ၁၃၁ ဦး တက်ရောက်ခဲ့ကြသည်။

**သန့်ဇော်(ပြန်/ဆက်)**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မခန့်ခြား၍ နှီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများလေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြောင်းမြမြို့၌ ငှက်ဖျားအန္တရာယ်အသိပညာပေးနှိုးဆော်

မြောင်းမြ မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မန္တလေးငှက်ကြီးလှုပ်ခတ်မှု (၁) နှစ်ပြည့်အဖြစ် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် အချက်များကို ကျေးရွာနေပြည်သူများ သိရှိစေရန် အသိပညာပေးလှည့်လည်နှိုးဆော်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဦးဆောင်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ကွယ်လွယ်ကျေးရွာ၊ မြို့ဟောင်းကျေးရွာ၊ ဆင်ကူးကျေးရွာတို့တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့်အဖြစ် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် အချက်များကို ကျေးရွာနေပြည်သူများ သိရှိစေရန် အသိပညာပေးလှည့်လည်နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇေယျာ (ပြန်/ဆက်)**



## (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင် ၉၀ တို့က (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ (မင်္ဂလာဒုံ)၌ စုပေါင်းသွေးလှူဒါန်းသည်။

အဆိုပါသွေးလှူဒါန်းပွဲအခမ်းအနားကို အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ မှ ဗိုလ်မှူးချုပ် မြင့်ဇော်၊ မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းမှု လှူရှင် မီးသတ်တပ်ဖွဲ့ဝင်များကို ကြည့်ရှုအားပေးပြီး သွေးအား အာဟာရဖြည့်စွက်စာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**



■ *ကျောဖုံးမှ*

ဖေဖော်ဝါရီ ၁၁ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ရန် အာရုံစိုက်ကစားလာသော ဘုန်းမောက်အသင်းသည် အခွင့်အရေးကောင်းအချို့ဖန်တီးနိုင်ခဲ့သော်လည်း မန်ယူအသင်းခံစစ်ကစားသမားများ၏ အကောင်းဆုံးဟန့်တားနိုင်မှုနှင့် ဂိုးသမား လန်းမန်းစ်တို့၏ လက်စွမ်းပြကာကွယ်မှုများကြောင့် သရေကျခဲ့ပြီး နိုင်ပွဲရရှိမှုနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။ ဘုန်းမောက်အသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင်လည်း လေးပွဲစလုံး သရေကျထားသည်။

မန်ယူအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော အသင်းခေါင်းဆောင် ဖာနန်ဒက်စ်သည် ပရီမီယာလိဂ်တွင် ဂိုးဖန်တီးမှု ၁၆ ကြိမ်နှင့် သွင်းဂိုး ၈ ဂိုးရှိလာပြီ ဖြစ်သည်။ မန်ယူအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ရမှတ် ၅၅ မှတ်ဖြင့် အဆင့် (၃)နေရာတွင် ဆက်လက်ရပ်တည်နေသည်။

**အောင်ဇော်**

ယာဉ်များ ဆေးကြောလျှင် ရေပိုက် မသုံးပါနှင့်

❊ *ကျောဖုံးမှ*

လုပ်ငန်းများဆောင်ရွက်စဉ် မတ် ၂၀ ရက် ညနေပိုင်းတွင် အဆိုပါကျေးရွာ၏ အနောက်ဘက်မီတာ ၃၀၀၀ ခန့် အကွာတွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည့် သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လဲချားမြို့နယ် ကောင်းစံကျေးရွာ အနီးတစ်ဝိုက်အား နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် မတ် ၂၀ ရက် ည ၉ နာရီခွဲခန့်တွင် ပထမဖမ်းဆီးရမိသည့်နေရာ၏ အနောက်ဘက် မီတာ ၁၇၀၀ ခန့်အကွာသို့အရောက်၌ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးနှင့် ဗီယက်နမ်နိုင်ငံသား အမျိုးသမီးတစ်ဦးတို့ကို လည်းကောင်း၊ ဒုတိယဖမ်းဆီးရမိနေရာ၏ မြောက်ဘက်မီတာ ၁၁၀၀ ခန့်အကွာသို့ အရောက်၌ တရုတ်နိုင်ငံသား ၂၆ ဦးတို့ကို လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဖမ်းဆီးရမိသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၆ ဦး ဖမ်းဆီးရမိစဉ်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဗီယက်နမ်နိုင်ငံသား အမျိုးသမီးတစ်ဦး ဖမ်းဆီးရမိစဉ်။

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

❂ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီခန့်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ပိတောက်လမ်း မြလင်းပွင့်မိုတယ် အနီး၌ မသင်္ကာဖွယ်မော်တော်ယာဉ် သုံးစီးရပ်တန့်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေး ရှာဖွေရာ Toyota Fortuners အမျိုးအစား (လိုင်စင်မဲ့) အဖြူရောင်မော်တော်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ်အလုံး ၃၀ (ဆာလာအိတ် တစ်လုံးလျှင် ဆေးပြားနှစ်သိန်းပါ) စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၆၀ ပြား၊ Toyota Hilux Single Cub အမျိုးအစား (လိုင်းစင်မဲ့) ခဲရောင်မော်တော်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် ၃၇ လုံး (ဆာလာအိတ် တစ်လုံးလျှင် ဆေးပြားနှစ်သိန်းပါ)စိတ်ကြွရူးသွပ်ဆေးပြား ၇၄ သိန်းပြားနှင့် Ford အမျိုးအစား (လိုင်စင်မဲ့) အဖြူရောင် မော်တော်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် ၂၂ လုံး (ဆာလာအိတ်တစ်လုံးလျှင် ဆေးပြားနှစ်သိန်းပါ) စိတ်ကြွရူးသွပ်ဆေးပြား ၄၄ သိန်းပြား၊ စုစုပေါင်း WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၁၇၈ သိန်းပြား (ခန့်မှန်းငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မော်တော်ယာဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားခံများအား ဖမ်းဆီးရမိရေး ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအဆင့် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း ကျောင်းသား ကျောင်းသူများ ယဉ်ကျေးလိမ္မာစာမေးပွဲဖြေဆို

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ရန်ကုန်တိုင်းဒေသကြီး) နှင့် သုံးရာသီလူမှုကူညီရေးအသင်း(ဗဟို)တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအဆင့် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းကျောင်းသား ကျောင်းသူများ ယဉ်ကျေးလိမ္မာစာမေးပွဲဖြေဆိုပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်



တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ သာကေတမြို့နယ် တိပိဋက လင်္ကာရကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိ အမှူးပြုသည့် ဆရာတော်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း (ရန်ကုန်တိုင်း) ဥက္ကဋ္ဌ ဦးတင်မိုးအောင်နှင့် အလုပ်အမှုဆောင်အဖွဲ့များ၊ ခရိုင်၊ မြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့်အတူ ကျောင်းသား ကျောင်းသူများ ယဉ်ကျေးလိမ္မာစာမေးပွဲ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီးအဆင့် ယဉ်ကျေးလိမ္မာစာမေးပွဲဖြေဆိုပွဲသို့ အကြီးတန်း၊ အလတ်တန်း အငယ်တန်း ကျောင်းသား ကျောင်းသူ ၅၈၀ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## နေပြည်တော်မြို့နယ်၌ နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းနှင့် ပန်းဖွားသင်တန်းဖွင့်

ဇနိုဖြူ မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဇနိုဖြူမြို့နယ်၌ ပညာရေးဌာနနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့မှဦးစီးသော နွေရာသီမူလတန်းအဆင့် ယဉ်ကျေးလိမ္မာသင်တန်းနှင့် ပန်းဖွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက အလမျိုးကျေးရွာအုပ်စုရှိ အထက(အလမျိုး) ကျောင်း၌ ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးတိုးမြင့်က အမှာစကားပြောကြားသည်။ ယင်းနောက် လှူဒါန်းငွေများအား ကျောင်းအုပ်ဆရာကြီးထံသို့ အလှူရှင်များက လှူဒါန်းပေးအပ်သည်။

အဆိုပါနွေရာသီမူလတန်းအဆင့် ယဉ်ကျေးလိမ္မာသင်တန်းတွင် ကျောင်းသား ကျောင်းသူ ၁၀၃ ဦးတက်ရောက်ပြီး ပန်းဖွားသင်တန်းတွင် ကျောင်းသူ ၅၂ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ သင်တန်းကို မတ် ၂၁ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## လှိုင်မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်နှင့် အခွန်ဆိုင်ရာကိစ္စရပ်များ အသိပညာပေးရှင်းလင်း

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်းရှိ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း လုပ်ငန်းရှင်များနှင့် မိုဘိုင်းလက်ကိုင်ဖုန်း သုံးစွဲသူပြည်သူများအား ဗဟိုမိုဘိုင်း စက်ပစ္စည်း သက်သေခံ မှတ်ပုံတင်



စနစ် (CEIR/EIR) အကြောင်း သိကောင်းစရာ အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များ ဦးစီးဌာန လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးတင်အောင်မိုးက အမှာစကားပြောကြားပြီး ဗဟိုမိုဘိုင်း စက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR/EIR)အကြောင်း အသိပညာပေးရှင်းလင်းရာ CEIR စနစ် အသုံးပြုခြင်းအားဖြင့် တင်သွင်းသူများ အနေဖြင့် ကျသင့်အခွန်အကောက်များကို အွန်လိုင်းစနစ် အသုံးပြု၍ အလွယ်တကူပေးဆောင် တင်သွင်းနိုင်ခြင်း၊ အခွန်တိမ်းရှောင်မှုနှင့် တရားမဝင်တင်သွင်းခြင်းမှ တားဆီးကာကွယ်နိုင်ခြင်း၊ အများပြည်သူများမှ မိုဘိုင်းလက်ကိုင်ဖုန်းအတုများ ဝယ်ယူမိခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ နိုင်ငံအတွင်း ဝင်ပေါက်အသီးသီးမှ တင်သွင်းလာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများ၏ IMEI နံပါတ်များကိုစိစစ်ပြီး မှန်ကန်မှအသုံးပြုခွင့်ပေးသည့်အတွက် လက်ကိုင်ဖုန်းဈေးကွက်များ၏ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှု မြှင့်တင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်း၍ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း လုပ်ငန်းရှင်များနှင့် လက်ကိုင်ဖုန်းသုံးစွဲသူပြည်သူများအား CEIR အကြောင်းသိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များလောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ခါတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြှိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြှိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြှိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။







# ၂၀၂၆ ခုနှစ် မတ်လ တတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့်နှင့် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်နှင့် ပဲခူးမြို့တွင် နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၆ ခုနှစ် မတ်လ တတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၄ ဒီဂရီဖာရင်ဟိုက်မှ ၁၀၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၄၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၅၆ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအတွင်း ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ၆၆ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၃၁ မီလီမီတာမှ ၄၁ မီလီမီတာအတွင်း ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် ၄၂ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၂ မီလီမီတာမှ ၆၁ မီလီမီတာအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၆၂ မီလီမီတာမှ ၇၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။





## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။





၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၄ ၅ ၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင် ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရသတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံ ခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ် များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေ နိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**









## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ်ပုံမှန်ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက် ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## စာအုပ်စာပေလှူ့မိတ်ဆွေ

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

| | | |
|---|---|---|
| ၁။ ဦးဆန်းလွင် | နှင့် | ၁။ ဒေါ်အစီးသား |
| ၂။ ဦးခင်ဇော်လွင် | | ၂။ ဒေါ်ဂျမားဘီ |
| ၃။ ဒေါ်သီရိလွင် | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၉)လမ်း၊ အမှတ်(၁၇၇)နေ ဒေါ်အစီးသား နှင့် ဒေါ်ဂျမားဘီ (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

တရားလိုများက သင့်တို့အပေါ်၌ ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက် (၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၃)၊ (၇/၄)လမ်း၊ မြေကွက်အမှတ် (၇/၂၈၉)၊ မြေအကျယ် ပေ(၄၀x၆၀)အကျယ်ရှိ မြေကွက်ကို ဦးလွင်အမည်ဖြင့် (၂၈-၁၁-၁၉၉၀)ရက်တွင် ပဲခူးမြို့၊ ဥဿာမြို့သစ်တိုးချဲ့တည်ဆောက်ရေးအဖွဲ့သို့ ငွေသွင်းပြီး ငွေရပြေစာထွက်ရှိထားသည့် မြေကွက်အား ဦးလွင် (ကွယ်လွန်)နှင့်ဇနီး ဒေါ်ခင်မေတို့ ကျန်ရစ်သူသားသမီးများဖြစ်ကြသည့် ဦးမောင်မောင်အေး (ကွယ်လွန်) [၇/ပခန(နိုင်)၀၁၆၅၁၉]၊ ဦးဇော်မင်း [၇/ပခန(နိုင်)၀၁၅၀၀၈]၊ ဒေါ်ခင်မာလွင် [၇/ပခန(နိုင်)၀၁၅၀၀၉]နှင့် ဒေါ်အေးအေးလွင် [၇/ပခန(နိုင်)၀၂၁၄၈၃) တို့က ဆက်ခံပိုင်ခွင့်နှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုထားသည့်မြေကွက်ကို ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကိုကိုမောင် (ဘ) ဦးမောင်မောင်အေး [၇/ပခန(နိုင်)၂၅၀၉၆၂]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ဦးအောင်ကိုကိုမောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါထွန်း (ဥပဒေတွဲ့ ) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၉၂/၁၅-၈-၂၀၁၉)**
**အမှတ်(က/၃၆၄)၊ အိုးလေးစု(၃)လမ်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့ ။**

## ကန့်ကွက်နိုင်ပါကြောင်း

